# ကြေးမုံဦးသောင်း (အောင်ဗလ)

## ၁၉၂၆–၂၀၀၈

## မိုးမခရဲ့ အမှတ်တရစာစုများ




ကြေးမုံဦးသောင်း
အောင်ဗလ
မောင်စွမ်းရည်
ဝင်းဖေ
မသမသအေး
ခင်မောင်ကြီး (ရှမ်းပြည်)
မောင်ရစ်


မိုးမခ မီဒီယာ ဂျာနယ်ဇင်းအဖွဲ့က စီစဉ်ထုတ်ဝေသည်

ကြေးမုံဦးသောင်း (အောင်ဗလ)
၁၉၂၆ – ၂၀၀၈
မိုးမခရဲ့ အမှတ်တရ စာစုများ

**ပုံနှိပ်ထုတ်ဝေမှု မှတ်တမ်း**

**စာအုပ်အမည်**
ကြေးမုံဦးသောင်း (အောင်ဗလ)
၁၉၂၆–၂၀၀၈
မိုးမခရဲ့ အမှတ်တရ စာစုများ

**စီစဥ် ထုတ်ဝေသူ**
မိုးမခ မီဒီယာ စာနယ်ဇင်းအဖွဲ့

**ဦးသောင်း စာမူများ မူပိုင်**
ဒေါ်တင်တင်ဝင်း

**ထုတ်ဝေနှစ်**
၂၀၀၈ ခုနှစ်၊ ဧပြီလ (ပထမအကြိမ်)

**အုပ်ရေ**
၅၀၀

**တန်ဖိုး**
–

**မျက်နှာဖုံး ဓာတ်ပုံ**
ကျော်သက် (DID)

**သရုပ်ဖော် နှင့် ကောက်ကြောင်း ပန်းချီ**
နေမျိုးဆေး၊ မင်းကျော်ခိုင်၊ မောင်ရစ်

**စာအုပ်အလှ နှင့် စာမျက်နှာ ဖွဲ့စည်းမှု**
ကိုဦး၊ မသန္တာ

**ဆက်သွယ်ရန်**
contact@moemaka.org
MoeMaKa, PO Box 320-207, San Francisco,
CA 94132-0207, USA

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကြေးမုံဦးသောင်း (အောင်ဗလ) ၏ အထုပ္ပတ္တိအကျဉ်း | ၇ |
| ၂။ | ဗမာ့ခေတ်မှသည် ကြေးမုံ၊ ကြေးမုံမှသည် ခေတ်ပြိုင်နဲ့ မိုးမခဆီသို့ (မောင်ရစ်) | ၁၁ |
| ၃။ | တုံးကျော်ဘ ဖြစ်ပါစေသော၀် (မာမာအေး) | ၁၃ |
| ၄။ | ဆရာအောင်ဗလ နှင့် ကျနော်တို့သတင်းစာသင်တန်း (ခင်မောင်ကြီး-ရှမ်းပြည်) | ၁၆ |
| ၅။ | သတင်းစာဘ၀ နှစ်ပေါင်း ၆၀ (မောင်စွမ်းရည်) | ၁၉ |
| ၆။ | ကျနော်သိတဲ့ ဆရာအောင်ဗလ (၀င်းဖေ) | ၂၃ |
| ၇။ | မိုးမခပင်ကို လေခရလျှင်   (ကြေးမုံ ဦးသောင်း) | ၂၆ |
| ၈။ | ဟလို ... မြန်မာ့အလင်း (အောင်ဗလ) | ၂၈ |
| ၉။ | အာစရိအဆူဆူ – ၁ (ကြေးမုံ ဦးသောင်း) | ၃၁ |
| ၁၀။ | အာစရိအဆူဆူ – ၂ (ကြေးမုံ ဦးသောင်း) | ၃၆ |
| ၁၁။ | ဟလို ... မြန်မာ့အလင်း – ၂ (အောင်ဗလ) | ၃၉ |
| ၁၂။ | အာစရိအဆူဆူ – ၃ (ကြေးမုံ ဦးသောင်း) | ၄၂ |
| ၁၃။ | ဟလို ... မြန်မာတိုင်းမ် (အောင်ဗလ) | ၄၆ |
| ၁၄။ | အာစရိအဆူဆူ – ၄ (ကြေးမုံ ဦးသောင်း) | ၄၉ |
| ၁၅။ | အာစရိအဆူဆူ – ၅ (ကြေးမုံ ဦးသောင်း) | ၅၅ |
| ၁၆။ | ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားလွှာ (ကြေးမုံ ဦးသောင်း) | ၅၉ |
| ၁၇။ | တိုးတက်သော ရှေးခေတ်ဟောင်းကို လွမ်းဆွတ်မိခြင်း (ကြေးမုံ ဦးသောင်း) | ၆၁ |
| ၁၈။ | ဆရာတင်မိုး၏ကဗျာ ချစ်စရာ (ကြေးမုံ ဦးသောင်း) | ၆၄ |

မြန်မာပြည် ဒီမိုကရေစီရေးနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်အတွက်
စစ်အာဏာရှင်တွေကို သပိတ်မှောက်တဲ့ စာနယ်ဇင်းနဲ့ မီဒီယာသမားများကိုကူညီဖို့
ဒီစာအုပ်ကို ရောင်းချလို့ဖြစ်စေ၊ အလှူခံလို့ဖြစ်စေ ရရှိတဲ့ဝင်ငွေနဲ့
ရန်ပုံငွေအဖြစ် သုံးစွဲမှာဖြစ်ပါတယ်။ စာအုပ်အရင်းအနှီးအားလုံးကို
မိုးမခ စာနယ်ဇင်းအဖွဲ့က ရင်းနှီးလှူဒါန်းပါတယ်။

(မိုးမခရဲ့ သပိတ်မှောက်စာနယ်ဇင်းသမားများ ကူညီမှုရန်ပုံငွေ)




## ကြေးမုံ ဦးသောင်း

၁၉၂၆ ခု အောက်တိုဘာ ၄ တွင် မြန်မာပြည် ညောင်ဦးမြို့ ကုန်သည်မျိုးရိုး အဖ ဦးသာဖန် နှင့် အမိ ဒေါ်အုပ် တို့က ဖွားမြင်သည်။ ငယ်စဉ်က မန္တလေးမြို့ စိန့်ပီတာကျောင်း၊ ညောင်ဦးမြို့ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။

၁၉၃၇ ခုနှစ် ကျောင်းလက်ရေး စာစောင်များမှ စတင်၍ စာရေးသားခဲ့ပြီးနောက် ဆရာကြီးသည် ဇဝန ဂျာနယ်၊ ဒဂုန် မဂ္ဂဇင်းတို့တွင် ကဗျာ၊ ဟာသ၊ သရော်စာ၊ ပြဇာတ် စတဲ့ ရသ စာပေများ ရေးသားကာ စာပေလောကသို့ ဝင်ရောက်လာခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလဆန်း ဂျာနယ်ကျော်တွင် ရေးသားပါရှိခဲ့သော 'ဆီးသီးကြွေချိန်' ဝတ္ထုသည် ဆရာ ကြေးမုံဦးသောင်း၏ ပထမဆုံး ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထုဖြစ်သည်။

၁၉၄၈ ခု တက္ကသိုလ်ဝင်စာမေးပွဲ အောင်သည်။ ဗမာ့ခေတ်သတင်းစာ သတင်းထောက်အဖြစ် ၁၉၄၇ ခုက သတင်းစာလောကသို့ ဝင်သည်။ ဗမာ့ခေတ်မှာပင် အယ်ဒီတာချုပ်အဖြစ် တိုးမြှင့်အမှုထမ်းရသည်။ ၁၉၅၃ ခုနှစ်တွင် မန္တလေးမြို့မှ ကုန်သည် ဦးသန်း၊ ဒေါ်တင်တို့၏သမီး ဒေါ်မြမြစိန်နှင့် လက်ထပ်ခဲ့ပြီး၊ သားသမီး ၃ ဦး ထွန်းကားခဲ့သည်။ ထို့နောက် ဒေါ်တင်တင်ဝင်း နှင့် ထပ်မံအိမ်ထောင်ပြုခဲ့သည်။ ၁၉၅၇ ခုတွင် ကြေးမုံသတင်းစာကို တည်ထောင်ပြီး အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်စဉ် ၁၉၆၄ တွင် ပုဒ်မ ၅ နှင့် ထောင် ၃ နှစ် ကျခံရသည်။

ထောင်မှလွတ်ပြီးနောက် ၁၉၇၃ ခုနှစ်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကော်ပိုရေးရှင်းတွင် တတိယအထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံသို့ နှစ်နိုင်ငံ ချစ်ကြည်ရေး သတင်းစာ ကိုယ်စားလှယ်အဖြစ် စေလွှတ်ခြင်းခံရသည်။ ထို့နောက် မဆလ အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနတွင် သတင်းစာတိုက်များကို အုပ်ချုပ်ရသော ဒုတိယညွှန်ကြားရေးမှူးရာထူး ခန့်ထားသည်။

၁၀ နှစ် အမှုထမ်းပြီး ၁၉၇၇ ဇူလိုင်လတွင် အမေရိကန်သို့ ထွက်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဆောင်ရွက်မှုများကို အမေရိကန်၌ ဝါဒဖြန့်ရန်စေလွှတ်ပါလျက် မြန်မာ ဖက်ဆစ်အစိုးရ ဆိုးယုတ်မှုများကို ဟောကြားကာ မဇ္ဈိမပြည်နယ် ဝါရှင်တန်မြို့မှ မဇ္ဈိမ သတင်းစာတွင် ဖက်ဆစ်ဆန့်ကျင်ရေး ဆောင်းပါးရှင်အဖြစ် လုပ်ကိုင်နေသည်ကို ဒေါ်သူပုန်ထသဖြင့် ဦးနေဝင်းက မြန်မာနိုင်ငံတွင် ရှိသမျှကိုယ်ပိုင်ပစ္စည်းများကို သိမ်းခဲ့သည်။

ထို့ပြင် မြန်မာစာနယ်ဇင်းလောကတွင် ဦးသောင်း၏ စာသစ် စာဟောင်းများကို ပုံနှိပ်ခြင်းမပြုရဟု အမိန့် ထုတ်ပြန်ထားသောကြောင့် မြန်မာနိုင်ငံတွင် ပျောက်ဆုံးနေခဲ့ရသည်။

အမေရိကန် နိုင်ငံတွင် ၁၉၇၈ ခုနှစ်မှစတင်၍ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများ ထုတ်ဝေသော ဒီမိုကရေစီ ဂျာနယ်၊ Burma Bulletin, Burma Review စသည့် စာစောင်များနှင့် အမေရိကန် စာနယ်ဇင်းများဖြစ်သည့် The Missourian နှင့် Reader's Digest တို့တွင် စာများ ရေးသားသည်။ ဇာတိမြေ ရှစ်လေးလုံးအရေးတော်ပုံ စတင်သောအခါ ကမ္ဘာအရပ်ရပ်မှ ဒီမိုကရေစီစာနယ်ဇင်းများတွင်ပင် ဝင်ရောက်ရေးခဲ့သည်။

ဝါရှင်တန်မြို့ လွတ်လပ်တဲ့ အာရှအသံ ရေဒီယို၊ အမေရိကန်အသံ ရေဒီယို နှင့် ဘီဘီစီတို့မှတဆင့် မြန်မာစာ ပရိသတ်နှင့် ပြန်ဆက်ရသူ ဖြစ်သည်။

ဆရာကြီး ဦးသောင်းသည် ဘန်ကောက်မြို့ ခေတ်ပြိုင်သတင်းစာ အယ်ဒီတာချုပ်နှင့် ရေဒီယိုများ ဆောင်းပါးရှင် အဖြစ် မြန်မာ့ဒီမိုကရေစီရေးကို လုပ်ဆောင်ခဲ့သူဖြစ်သည့်အပြင် ပြည်ပ မြန်မာသတင်းမီဒီယာများဖြစ်သော ခေတ်ပြိုင်၊ မိုးမခ၊ ဟစ်တိုင် နှင့် Voice of Burma တို့တွင် စစ်အစိုးရဆန့်ကျင်ရေးစာများကို ကွယ်လွန်ချိန် အထိ ကြေးမုံဦးသောင်း၊ အောင်ဗလ၊ မောင်ချစ် စသည့် ကလောင်အမည်များဖြင့် ရေးသားသွားခဲ့သည်။

မြန်မာရုပ်ရှင် ဇာတ်ညွှန်း ၄ ပုဒ်၊ မြန်မာ စာအုပ် ၂၆ အုပ်၊ အင်္ဂလိပ် ၂ အုပ် ရေးခဲ့သည်။ ကြေးမုံ ဦးသောင်း၏ ထင်ရှားသော စာအုပ်များမှာ သတင်းစာဆရာ၊ ဗမာ့ခေတ်မှ ကြေးမုံသို့၊ ဦးနေဝင်း၏ ပြာတဆုပ်၊ လက်ငင်း လက်တွေ့ ဗုဒ္ဓဝါဒ၊ General Ne Win and His Executioners, A Journalist, a General and in Burma တို့ ဖြစ်သည်။ မကွယ်လွန်ခင် နောက်ဆုံးထုတ်ဝေခဲ့သော စာအုပ်မှာ 'ခေတ်ပြိုင်၏ စစ်ဝါဒီများ တိုက်ပွဲ' စာအုပ်ဖြစ်ပြီး၊ ခေတ်ပြိုင်ဂျာနယ်တိုက်က ပုံနှိပ်ဖြန့်ချိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံပေါင်းစုံ သတင်းစာအသင်းကြီး The International Press Institute က ၁၉၅၀ ခုမှ ၂၀၀၀ ပြည့်နှစ်အတွင်း သတင်းစာတို့ လွတ်လပ်ရေးကို ရဲရဲဝံ့ဝံ့ အမှုထမ်းခဲ့သူ ကမ္ဘာ့ အရပ်ရပ်မှ သတင်းစာဆရာ ၅၀ ကို 'သတင်းစာ သူရဲကောင်းဘွဲ့' ပေးရာ မြန်မာပြည်မှ 'ရေးဝံ့သူ' အဖြစ် ဦးသောင်းကို ဆုချီးမြှင့်သည်။

သတင်းစာ ဆရာကြီး ကြေးမုံ ဦးသောင်း (အောင်ဗလ) သည် အသက် ၈၂ နှစ် အရွယ်တွင် အဆုတ်ရောဂါဖြင့် ၂၀၀၈ ခုနှစ်၊ မေ ၃ ရက်နေ့ ညဒေသစံတော်ချိန် ၁၀ နာရီခန့်မှာ အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်၌ ကွယ်လွန်သွားသည်။ ပြီးခဲ့သည့် မတ်လ ၁၀ ရက်နေ့မှစတင်ကာ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၊ ဖို့လောရာဒေးမြို့ရှိ ဖလော်ရီဒါ မက်ဒီကယ်စင်တာ (Florida Medical Center) ဆေးရုံတွင် အဆုတ်ရောဂါ၊ နှလုံးအားနည်းသည့်ရောဂါအတွက် ဆေးကုသမှုခံယူနေရာမှ အဆုတ်ထဲရေဝင်သည့်အခြေအနေ ပိုမိုဆိုးရွား လာကာ ယမန်နေ့ညက ကွန်လွန်သွားခြင်းဖြစ်သည်။

ဆရာကြီး ဦးသောင်း ကွယ်လွန်ချိန်၌ အမေရိကန်နိုင်ငံ ဖလော်ရီဒါတွင် ဇနီး ဒေါ်တင်တင်ဝင်းနှင့် သားသမီး ၅ ဦး ကျန်ရစ်ခဲ့သည်။ ❑



“ အောင်ဇလဟာ တကယ့်သတင်းစာဆရာပဲ။
ဘယ်အခြေအနေပဲ ရောက်နေပါစေ၊
သတင်းစာအလုပ်ဆိုရင်
စိုက်လိုက်မတ်တပ် လုပ်တတ်တဲ့သူ၊
ကျမ သူ့ကိုကြည့်ပြီး အားကျမိပါတယ် ”

လူထုဒေါ်အမာ
(၁၂-၃-၀၇)

# အမှတ်တရ စာများ

မြန်မာပြည်ရဲ့ သမဏီရှည် သတင်းစာဆရာကြီး၊ မြန်မာပြည် အာဏာရှင်ခေတ်အဆက်ဆက်၏ မတရားမှုများကို ကလောင်လက်နက်၊ သတင်းစာလက်နက်ဖြင့် တိုက်ခိုက်သူ တော်လှန်သော သတင်းစာဆရာ၊ စာရေးဆရာ ဦးသောင်း (အောင်ဗလ) ကွယ်လွန်သွားတဲ့အတွက် မိုးမခ စာနယ်ဇင်းအဖွဲ့က ဝမ်းနည်းကြောင်း မှတ်တမ်းပြုလိုက်ပါတယ်။

ဆရာကြီးဟာ ၁၉၄၇ ခုနှစ်၊ အသက် ၂၀ ကျော်ကတည်းက သတင်းထောက်တဦးအဖြစ် ရပ်တည်၊ ဗမာခေတ်သတင်းစာကနေပြီး သတင်းစာဆရာ မျိုးစေ့ကိုချ၊ ကိုယ်တိုင် ကြေးမုံသတင်းစာ တိုက်ကြီးကို ထူထောင်၊ စစ်အာဏာရှင်များရဲ့နည်းမျိုးစုံနဲ့ ဖိနှိပ်မှုများကို ကြံ့ကြံ့ခံ၊ လောကဓံကိုလည်း ကြံ့ကြံ့ခံ၊ ပြီးတော့ ၁၉၇၇ (သတင်းစာသမားသက် ၃၀ မှာ) ချစ်တဲ့ မြန်မာပြည်နဲ့ သူ့သတင်းစာလောကကို စွန့်ခွာပြီး ပြည်ပကိုထွက်ခွာခဲ့၊ ပြည်ပမှာ မြန်မာပြည်နိုင်ငံရေး ရှုပ်သမျှကို ဖော်ထုတ်တဲ့ စာအုပ်များ၊ ဆောင်းပါးများ၊ အသံလွှင့်ချက်များ အဆက်မပြတ် ရေးသားပြီး သတင်းစာသမားတာဝန်ကို ကိုယ်ထူကိုယ်ထ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်လို့ ရပ်တည်ခဲ့သူ ဖြစ်ပါတယ်။ ခေတ်ပြိုင်ဂျာနယ်ရဲ့အယ်ဒီတာချုပ်အဖြစ်လည်း တောက်ပြောင်တဲ့ ခေါင်းကြီးတွေ ရေးသားခဲ့ပါတယ်။ ၂၀၀၇ မှာ ဆရာကြီး သတင်းစာသမားအသက် ၆၀ ပြည့်ခဲ့တယ်။ ပြည်တွင်းမှာ နှစ် ၃၀၊ ပြည်ပမှာ နှစ် ၃၀ သတင်းစာသမားအဖြစ် ရပ်တည်နိုင်သူဟာ ဆရာကြီး ဦးသောင်း (အောင်ဗလ) ပဲ ဖြစ်ပါတယ်။



# ဗမာ့ခေတ်မှသည် ကြေးမုံ၊ ကြေးမုံမှသည် ခေတ်ပြိုင် နှဲ့ မိုးမခဆီသို့

မောင်ရစ်

## သူ့တသက်မှာ ဂုဏ်အယူဆုံး၊ ကျေနပ်မှုအရှိဆုံးနဲ့ ဘယ်တော့မှ နောင်တမရတဲ့ ဘဝဟာ အခု တသက်လုံး ရပ်တည်ခဲ့တဲ့ သတင်းစာသမား၊ စာရေးဆရာတယောက်ရဲ့ ဘဝပဲ တဲ့။

မိုးမခ စာနယ်ဇင်းလို နောက်ပေါက် စာစောင်တွေမှာလည်း ကလောင်လက်နက်နဲ့ ဝင်ထမ်းပြီး စေတနာဝန်ထမ်း ကူညီလမ်းညွှန် ပြသမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ နေ့နေ့ ညည စားစားသွားသွား မြန်မာပြည်ကြီးနဲ့ မြန်မာပြည်သားတွေ ပြီးတော့ မြန်မာပြည် စာနယ်ဇင်းလောကကြီး စစ်အာဏာရှင်အောက် က လွတ်မြောက်ရေးအတွက် စာတွေ အဆက် မပြတ်ရေးပြီး တသက်တာလုံး အများအကျိုး အတွက် ရဲဝံ့ပြောင်မြောက်စွာ ရပ်တည်သွားတဲ့ တော်လှန်သော သတင်းစာဆရာ၊ စာရေးဆရာ ကြီးလို့ မှတ်တမ်းတင်လိုက်ပါတယ်။

ဗမာခေတ်ကနေ ကြေးမုံသို့ဆိုတဲ့ ပြည်တွင်း စာနယ်ဇင်းလောကကနေ ဆရာကြီး တစိုက် မတ်မတ် ယုံကြည်ချက်ကိုထူထောင် ရပ်တည် ချီတက်ခဲ့ရာမှာ ကြေးမုံမှသည် ခေတ်ပြိုင်၊ ခေတ်ပြိုင်မှသည် မိုးမခ အထိ သတင်းစာဆရာ၊ စာရေးဆရာတဦးရဲ့သမိုင်းကို ရေးထိုးခဲ့ပြီးဖြစ်တဲ့ ဦးသောင်းကို မြန်မာပြည် စာနယ်ဇင်းသမား များက အလေးအနက် စံထား အလေးအမြတ် ပြုရမှာ ဖြစ်ပါတယ်။

၂၀၀၇ ဇူလိုင်လ ဆရာ ဦးတင်မိုး ကွယ်လွန်ခြင်း ၆ လပြည့် စာပေဆွေးနွေးပွဲမှာ ဆရာကြီး ကျန်းမာရေးမကောင်းတဲ့ကြားက လာရောက် ချီးမြှင့်ခဲ့ပါတယ်။ ဆရာကြီး အလွန် စိတ်ဝင်စားတဲ့ စာပေကဗျာတွေကို မောင်စွမ်း ရည်၊ ဦးဝင်းဖေ၊ တင်မောင်သန်းတို့နဲ့ ချစ်ခင် ရင်းနှီးစွာ ဆွေးနွေးခဲ့ကြတာဟာ မိုးမခ စာနယ် ဇင်းအဖွဲ့၊ စာပေချစ်သူများနဲ့ ဆရာကြီး ပရိသတ်၊ ဆရာဦးတင်မိုး ပရိသတ်တို့အတွက် ထာဝရ အမှတ်တရပဲ ဖြစ်ပါတယ်။

သူက မောင်ရစ်အတွက်၊ မိုးမခ စာနယ် ဇင်းအဖွဲ့ ပေါက်စနလေးအတွက် သယ်ဆောင် လာတဲ့ စကားလက်ဆောင်တခု ပေးပါတယ်။ ဆရာကြီးနဲ့ ခေတ်ပြိုင်၊ ရှေ့ဆင့်နောက်ဆင့် သတင်းစာလုပ်ငန်းလုပ်ခဲ့ကြတဲ့ ဦးခင်မောင် လတ်နဲ့ ဒေါ်ခင်မျိုးချစ်တို့ အကြောင်းပါ။ စစ် အာဏာရှင်တွေက မောင်ရစ် အဖိုးနဲ့ အဖွားဖြစ် တဲ့ ခင်မောင်လတ်နဲ့ ခင်မျိုးချစ်ကို သူတို့လုပ် ကိုင်နေတဲ့ သတင်းစာအလုပ်တွေကနေဖယ်ရှား ဖို့အတွက် သံအမတ်ကြီးရာထူးတွေနဲ့ မက်လုံး ပေးခဲ့ဖူးပါတယ်။ ရာထူးတွေ၊ ငွေတွေနဲ့လဲဖို့ အပေးအယူလုပ်ခဲ့ဖူးပါတယ်။ သူတို့မောင်နှံက ငွေတွေ၊ ရာထူးတွေနဲ့ အခွင့်အရေးကိုမရွေးဘဲ အစိုးရသတင်းစာလုပ်ငန်းက နုတ်ထွက်ပြီး စာရေးဆရာအလုပ်၊ ကျောင်းဆရာအလုပ်ကို လုပ်ပြီး ကိုယ်ယုံကြည်ရာကိုသာ ရွေးချယ် ရပ်တည်သွားခဲ့ကြပါ သတဲ့။ အဲဒီ စကားကို သူ ခရီးတွေ မိုင်ပေါင်းများစွာ အဝေးကြီးက၊ အချိန် တွေ နှစ်ပေါင်းများစွာ အကြာကြီးက သယ် ဆောင်ပြီးတော့ မောင်ရစ်တို့အတွက်၊ မိုးမခ အတွက် သစ္စာစကား လက်ဆောင်ပေးခဲ့တာပါ။

ဆရာကြီးကို မိုးမခက မေးတော့ ဖြေကြား သွားတဲ့ စကားတခွန်းရှိပါတယ်။ သူ့တသက်မှာ ဂုဏ်အယူဆုံး၊ ကျေနပ်မှုအရှိဆုံးနဲ့ ဘယ်တော့ မှ နောင်တမရတဲ့ ဘဝဟာ အခု တသက်လုံး ရပ်တည်ခဲ့တဲ့ သတင်းစာသမား၊ စာရေးဆရာ တယောက်ရဲ့ဘဝပဲ တဲ့။

ကြေးမုံဦးသောင်း (အောင်ဗလ) ကား ကွယ်လွန်လေပြီ။ ကြေးမုံဦးသောင်း (အောင်ဗလ) သမိုင်းမော်ကွန်းကား မြန်မာပြည် စစ်အာဏာ ရှင်လွတ်မြောက်ရေးတိုက်ပွဲနှင့်အတူ တွင်ရစ်ပါ စေသတည်း။ ။ ❑



# တုံးကျော်ဘ ဖြစ်ပါစေသော်

မာမာအေး

မတ်လ ၁၃ ရက်နေ့ကပေါ့၊ ကျမအိပ်တဲ့ဘေးမှာ လက်ကိုင်ဖုန်းကလေးနိုးတာနဲ့ အလင်းရောင်ပေါ်စ မနက် ၇ နာရီမခွဲခင်မှာ နိုးလာပါတယ်။ ဖုန်းထဲမှာပေါ်နေတဲ့နာမည်က ဦးသောင်း ... တဲ့။ ဒါကိုမြင်တာနဲ့ ကျမ နှလုံးက တဒုန်းဒုန်းမြန်လာပြီး ခေါင်းတက်ခေါက်သလို အီလယ်လယ် မူးနောက်နောက် ကြောက်သွားပါတယ်။

ဦးသောင်းဆိုတာ အောင်ဗလဆိုတဲ့ စာရေးဆရာ၊ ကြေးမုံသတင်းစာထောင်ခဲ့လို့ ကြေးမုံဦးသောင်းဖြစ်လာတဲ့ သတင်းစာ ဆရာကြီးပါ။ ၁၉၂၆ တထောင့်ကိုးရာ နှစ်ဆယ့်ခြောက်မှာ မွေးဖွားခဲ့တာဆိုတော့ အသက် ၈၂ နှစ် ရှိပြီလေ။

ဒီလို မနက်စောစောစီးစီး ဦးလေးသောင်းတို့ဆီက တခါမှဖုန်းမဆက်ဘူးလေတော့ ဟာ... ဘာများဖြစ်ပါလိမ့်။ တခုခုပဲဆိုပြီး ကြောက်သွားမိတာ ကျမ မလွန်ဘူးထင်ပါတယ်ရှင်၊ အသက်ကလည်း ကြီးပြီ။ ကျမထက်တောင် နှလုံးခွဲရတာ အကြိမ်ပိုများသေးတယ်လို့ သိထားရပါတယ်။ လွန်ခဲ့တဲ့ လေးငါးလအတွင်းမှာ စာကြည့်တိုက်သွားရင်း ချော်လဲ၊ နဖူးကွဲ မေ့လဲနေတာ လမ်းသွားလမ်းလာတွေ့ရှာတဲ့ နှာ့စ်မတယောက်က ၉၁၁ ခေါ် ဆေးရုံပို့ပေးလို့ ကံကောင်းသေးတယ် ပြောရမှာပါရှင်။

ဦးသောင်းကို ရန်ကုန် ပွဲလမ်းသဘင်တွေမှာ ပိန်ကပ်ကပ်၊ ပေတေတေ ပုံစံမျိုးနဲ့ တွေ့ဖူးနေပါတယ်။ အောင်ဗလ၊ အောင်ဗလယ်၊ အောင်ဗလောနဲ့ ဟာသနှောတော့လည်း သဘောတကျ ဖတ်ပါတယ်။ သတင်းစာဆရာ ပီပီ နိုင်ရာကထောင်းတတ်တဲ့ ကလောင်အကောင်းစားကြီးမို့လည်း သဘောကျတယ်။ ကိုယ့်တိုင်းပြည်မှာတုန်းက ဒီလူကြီးတွေလောက် ကိုယ်မှမပြောရဲတာကိုး။ ဒီဘက်သူရောက်လာတော့လည်း ဒီကနေ့အထိ စာအုပ်တွေရေးနေတုန်း၊ ထုတ်နေတုန်း၊ ဟောပြောပေးနေတုန်း မဟုတ်လားရှင်။ မနှစ်က သတင်းစာလောကထဲ ရောက်တာ နှစ် ၆၀ ပြည့်ဆိုပြီး နယူးယောက် ဒီမိုကရေစီရေးဆောင်ရွက်အားပေးနေသူများက ဂုဏ်ပြုပွဲပြုလုပ်ပေးခဲ့ပါသေးတယ်။

ကျမက ဦးလေးသောင်းလို့ပဲ ခေါ်ပါတယ်။ သူ့ဇနီး တင်တင်ဝင်းကလည်း အင်မတန် ဆရာကြီးကို ဂရုစိုက်ပါတယ်။ ဆရာဆေးရုံတက်ရတဲ့ အခါများ တင်တင်ဝင်းကို အရင်ကုရမလောက်ပါပဲလို့ ဖလော်ရီဒါပြည်နယ် သူတို့မြို့က မိတ်ဆွေဆရာဝန်များက မှတ်ချက်ချတာ ကြားရဖူးပါတယ်။ ဦးလေးသောင်းက "ငြိမ်းချမ်းရေးအဖိုးဟာ သူရတဲ့ အသက်ငယ်တဲ့ဇနီးမျိုး မကြုံဖူးလို့ပါ ဒုက္ခမမည်ပါဘူး" လို့ ရေးဖူးတဲ့စာလည်း ဖတ်ဖူးပါတယ်။

စာရေးဆရာ သတင်းစာဆရာ ရင့်မကြီးဖြစ်ပေမယ့် ကျမတို့လို လက်စမ်းရေးသားတဲ့ သူမျိုးကိုလည်း အထင်မသေးပါဘူး။ ကျမ စာအုပ်ထုတ်ဖြစ်တာ ဦးလေးသောင်း မြှောက်ပေးလို့ပေါ့ရှင်။ မိတ္တူကူးတာကအစ လိုက်ကူခဲ့တာပါ။ ကျမ ရင်းနှီးတဲ့ ဂီတကိစ္စဆိုလည်း ဖုန်းဆက်မေးမြန်းဆွေးနွေးတာမျိုးလုပ်ပါတယ်။

ဒီနိုင်ငံရောက်တာကြာပြီ။ စာရေးဆရာပီပီ မချမ်းသာပါဘူး။ ကိုယ့်နိုင်ငံမှာဆိုလည်း ကြီးလာရင်တော့ အထိုက်အလျောက် ဒုက္ခရောက်မှာပါပဲ။ ကျမရဲ့အမြင်မှာတော့ ကျမတို့နိုင်ငံက လူအများစုဟာ အနုပညာရှင်တွေကို ထင်ပေါ်တုန်း ခဏမှာသာ ပိုပြီး စိတ်ဝင်စားကြ၊ နှစ်သက်ကြတာမျိုးလို့ ဆိုချင်တာပါပဲ။ သူ့ခေတ်ကုန်တာနဲ့ သူအသက်ကြီးသွားတာနဲ့ အိုပယ် လုပ်ခံကြရတာ များပါတယ်။ စာပေချစ်ကြသတဲ့၊ ဂီတချစ်ကြသတဲ့၊ တကယ်ဟုတ်ပါရဲ့လား။ ပြောလိုက်ရင်တော့ အစားထိုးမရတဲ့ ပညာရှင်ချင်းထပ်နေအောင်ပါပဲရှင်။

လူမှမရှိတော့
ဒီလိုဖြစ်လာတာ
မဆန်းပါဘူးလေ၊
သေသောသူ ကြာရင်မေ့ ဆိုတဲ့
စကားနဲ့အညီဟာကိုး။

ကဗျာဘုရင်ကြီး လူတိုင်းချစ်ရိုး ဆရာတင်မိုးကိုကြည့်၊ တနှစ်ပြည့်သောခါ သူ့အနားလာလာနေတတ်တဲ့ ကပ္ပလီတွေ ဆွမ်းကျွေးပွဲဆီတယ် မတွေ့မိပါဘူး။ လူမှမရှိတော့ ဒီလိုဖြစ်လာတာ မဆန်းပါဘူးလေ။ သေသောသူ ကြာရင်မေ့ ဆိုတဲ့ စကားနဲ့အညီဟာကိုး။ ဖလ်မီးအိမ်ဖောင်ဒေးရှင်းတွေ ဘာတွေတော့ တွေ့နေရသေးလို့ ပညာရှင်ကိုယ်စား ဖြေသာခဲ့ရပါတယ်။ အဲဒါလည်း တကယ်လုပ်သင့်တယ်၊ ဆရာရှိတဲ့

အချိန်ကသာ ဒီလိုမျိုး ကြိုလုပ်ခဲ့ရင် ဆရာလည်း လိုတာရှိ သုံးနိုင်တယ်။ လှူနိုင်တယ်။ ဘာလုပ် သင့်တယ်လို့လည်း ဆရာ တွေးမှာ လုပ်မှာပဲလို့ အောက်မေ့မိပါတယ်။

ခုဆို စာရေးဆရာကြီး၊ သတင်းစာဆရာ ကြီး ကြေးမုံဦးသောင်းဟာ ဆေးရုံပေါ်ရောက်နေ တယ်။ ကျမ ကိုဖုန်းဆက်တဲ့အချိန်မှာ ၄ ရက် ရှိပြီ ပြောပါတယ်။ အဆုတ်ထဲ ရေဝင်တာလား၊



ဦးသောင်း ပြန်ကောင်းလာပါစေလို့
ကျမ ကြားကတည်းက
ဆုတောင်းပေးပါတယ်။
ကျမ ဆေးရုံတက်တုန်းက
ကုလားထိုင်လေးစီးပြီး
လာမေးရှာတယ်ရှင့်၊
စာပေချစ်သူများလည်း
ထောက်ပံ့ဆုတောင်း အားပေးနိုင်ရအောင်
ဒီစာကို ရေးမိတာပါပဲ။

နှလုံးထဲ ရေဝင်တာလား၊ နမိုးနီးယား ခေါ်တဲ့ အအေးမိရာက ဆက်လာတဲ့ ရောဂါတွေကို ဆရာဝန်ကြီးများက အကြိတ်အနယ် ကုသနေ ပါတယ်တဲ့ ရှင်။

ဒီသတင်းရပြီးနောက် မွန်းမလွဲမီ နယူး ယောက်က ဆုံးသွားပြီလို့ ဖုန်းဝင်လာပါတယ်။ ကျမက မနက်ကပဲ အခြေအနေမကောင်းတဲ့ သတင်းရထားတဲ့ အကြောင်းပြန်ပြောလိုက် တယ်။ နီးစပ်ရာ သတင်းတင်တတ်တဲ့ဆီတွေကို လည်း အကြောင်းကြားလိုက်ပါတယ်။ ကျမ လည်း ညီမ တင်တင်ဝင်း ဖုန်းထဲမှာ ဝမ်းနည်း ကြောင်းတွေ ထည့်မိပါတယ်။

သတင်းတွေ တိကျဖို့ ဆရာစွမ်းဆီ ထပ် မေးကြတော့ မဟုတ်သေးပါဘူး တဲ့။ ကျမ ရူးချင် ချင်ဖြစ်သွားတာပေါ့။ မီဒီယာတွေမှာ သတင်းကို ဖြုတ်လိုက်ပေးပါလို့တောင်းပန်ရတာ ဖြစ်နိုင်ပေ မယ့် ဆရာကတော်ရဲ့ဖုန်းထဲက ဝမ်းနည်း ကြောင်းပြောထားတာကြီး ဒုက္ခဖြစ်နေပြီ။ မတတ်နိုင်ဘူး တောင်းပန်စကားပြန် ပြောရတာ ပေါ့။ အားလုံးက ဆရာသောင်းကို အလေးထား လို့ လှုပ်ရှားကြတာပါလို့လည်း ပြောရတာပေါ့ ရှင်။

အဖြစ်ကတော့ ဒါပါပဲ။ ဒီနေ့ မတ်လ ၁၅ ရက်နေ့ပါ။ မနေ့ညက နောက်ဆုံးပြောတဲ့ ဒေါ်တင်တင်ဝင်း စကားကတော့ ဆရာသောင်းရဲ့ ရောဂါအတွက် အန်တီဘိုင်အိုးတစ် ပိုးမွှား ကာကွယ်ဆေး ၁၀ ရက် ပေးထားမယ်။ အဲဒီ ဆေးတိုးရင် ပြန်ကောင်းလာမယ်၊ ခုလောလော ဆယ် စက်နဲ့အသက်ရှူနေရပါတယ် တဲ့။

ဦးသောင်း ပြန်ကောင်းလာပါစေလို့ ကျမ ကြားကတည်းက ဆုတောင်းပေးပါတယ်။ ကျမ ဆေးရုံတက်တုန်းက ကုလားထိုင်လေးစီးပြီး လာ မေးရှာတယ် ရှင့်၊ စာပေချစ်သူများလည်း ထောက်ပံ့ဆုတောင်း အားပေးနိုင်ရအောင် ဒီစာ ကို ရေးမိတာပါပဲ။ ခေါင်းစဉ်ကတော့ ကျမ တုံးကျော်မ အကြောင်းပြောနေခိုက်ကြုံတာနဲ့ ဆရာသောင်းကလည်း သေပြီဆိုပြီး ကောင်းနေ သေးတာကြောင့် တုံးကျော်ထီး ဆိုလည်း ဘယ် ခေါ်ကောင်းမှာလဲ။ အဘအရွယ်မို့ တုံးကျော်ဘ ဖြစ်ပါစေလို့ ဆုတောင်းကြစို့ရဲ့နော်။ ॥ ❑

**ကောက်ကြောင်း ပန်းချီ – မင်းကျော်ခိုင်**

# ဆရာ အောင်ဗလ နှင့် ကျနော်တို့ သတင်းစာသင်တန်း

ခင်မောင်ကြီး (ရှမ်းပြည်)

ဆရာအောင်ဗလရဲ့ သတင်းစာဆရာဘဝသက်တမ်း နှစ် ၆၀ ပြည့်ခဲ့ပြီမို့ ဆရာ့အတွက် ဂုဏ်ပြုပွဲတရပ်ကို နယူးယောက်မြို့မှာလည်း ကျင်းပမယ်လို့ ပြည်သူ့အမြင် စာစဉ် တာဝန်ခံ ဦးကျော်ဝင်းက အကြောင်းကြားလာတဲ့အခါ ဝမ်းမြောက်ဝမ်းသာဖြစ်မိပြီး၊ ဆရာ အောင်ဗလနဲ့တကွ သတင်းစာဆရာကြီးတချို့နဲ့ ကျနော် တွေ့ဆုံ သိကျွမ်းခင်မင်ခဲ့ရပုံများကို ပြန်ပြောင်းသတိရနေမိပါတယ်။

ကျနော်ဟာ တက္ကသိုလ်ကျောင်းသားဘဝမှာ မရွယ်ဘဲနဲ့ သတင်းထောက်ခဏဖြစ်ခဲ့ဖူးပါတယ်။

၁၉၅၈ ခုနှစ် နွေကျောင်းပိတ်ချိန် သင်္ကြန်မတိုင်ခင်လေးမှာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကထိက ဆရာ ဦးလှရွှေ (နောင်မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဖြစ်လာသူ) ဦးဆောင်ပြီး၊ အဖွဲ့ဝင် ၅၀ ကျော်လောက်ပါဝင်တဲ့ ကျောင်းသားချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကို ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ (တ–က–သ) အမှုဆောင်များ၊ ကျောင်းသားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ပြည်နယ်လူမျိုးစု ကျောင်းသားအသင်းအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်များ၊ ဘောလုံးအားကစားနှင့် အနုပညာအသင်းအဖွဲ့ဝင် များပါဝင်ကြပါတယ်။ ကျနော်ကတော့ တကာသ အမှုဆောင်တဦးအနေနဲ့ လိုက်ပါသွားတာဖြစ်ပါတယ်။

ကျနော်တို့ ကျောင်းသား ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဟာ ရန်ကုန်ကနေ ဘတ်စ်ကားကြီးများနဲ့ ယူနန်ပြည်နယ်ကို ကုန်းလမ်းခရီး ထွက်လာခဲ့ကြတာဖြစ်ပါတယ်။ အသွားခရီး မန္တလေးမှာ ခဏဝင်ရပ်နားစဉ်၊ လူထုသတင်းစာတိုက်ကိုဝင်ပြီး သတင်းစာဆရာကြီးဦးလှနဲ့ ဒေါ်အမာတို့ကို တွေ့ဆုံနှုတ်ဆက်ကြပါတယ်။ အဲဒီအချိန်မှာ လူထုသတင်းစာ အယ်ဒီတာတဦးဖြစ်တဲ့ ဦးထွန်းဖေ (သူရ–ရှမ်းပြည်)က ကျနော့်ကို နှစ်ပြည်ထောင်ကျောင်းသားလူငယ်ချစ်ကြည်ရေးခရီးစဉ်အတွင်း လူထု သတင်းစာအတွက် သတင်းရေးသားပေးဖို့ တာဝန်ပေးအပ်ပြီး ကင်မရာတလုံးကိုပါ ထည့်ပေးလိုက်ပါတယ်။

ကျနော်တို့ဟာ လေ့လာရေးခရီးအပြင် ယူနန်ပြည်နယ် ခွန်မင်းမြို့တော် တက္ကသိုလ်နယ်မြေမှာ တရုတ်ကျောင်းသားလူငယ်များ၊ ယူနန်လူမျိုးစု တက္ကသိုလ်ကျောင်းသားလူငယ်များနဲ့ သင်္ကြန်ပွဲတော်ကိုလည်း ဆင်ယင်ကျင်းပပြီး တပျော်တပါး ရေကစားခဲ့ကြပါသေးတယ်။

အဲဒီချစ်ကြည်ရေး ခရီးစဉ်တလျှောက်မှာ ကျနော်တို့ရဲ့ လေ့လာတွေ့ရှိချက်၊ လှုပ်ရှားမှုများကို လူထုသတင်းစာတိုက်သို့ အဝေးမှပေးစာအသွင်နဲ့ သတင်းရေးသားပေးပို့ခဲ့ပါတယ်။ အဲသလိုနဲ့ ကျနော်ဟာ လူထုသတင်းစာရဲ့ သတင်းထောက် ခေတ္တခဏဖြစ်ခဲ့ရဖူးပါတယ်။

ကျနော် ဘွဲ့ရပြီးတဲ့နောက် တက္ကသိုလ်သမိုင်းနဲ့ နိုင်ငံရေးသိပ္ပံဌာနမှာ နည်းပြဆရာလုပ်ရင်းနဲ့၊ တက္ကသိုလ်မှာဖွင့်လှစ်တဲ့ သတင်းစာဒီပလိုမာ သင်တန်းလည်း တက်ခဲ့ပါတယ်။

၁၉၆၃ ခုနှစ်မှာ ပြန်ကြားရေးဝန်ကြီးဌာနက လုပ်သားပြည်သူ့နေ့စဉ်ဆိုတဲ့ နာမည်နဲ့ အစိုးရသတင်းစာ စတင်ထုတ်ဝေပါတယ်။ အဲဒီသတင်းစာမှာ ကျနော်အလုပ်အတွက် စာမေးပွဲဝင်ဖြေတော့ အကြီးတန်းသတင်းထောက် အလုပ်ကိုရပြီး သတင်းစာလောကထဲ ရောက်သွားပါတော့တယ်။

၁၉၆၇ ခုနှစ် နှစ်ဦးပိုင်းမှာ အစိုးရက သတင်းစာပညာသင် ၅ ဦးကို ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာ) ဘာလင်မြို့ သတင်းစာသင်တန်းကျောင်းကို စေလွှတ်ပါတယ်။ အဲဒီအထဲမှာ ကျနော်လည်း ပါသွားပါတယ်။ ကျန် ၄ ဦးကတော့ ဗိုလ်မှူးကျော်ဆန်း (မြန်မာ့အသံ)၊ ဗိုလ်မှူးသောင်းထိုက်၊ လုပ်သားပြည်သူ့နေ့စဉ် အင်္ဂလိပ်မှ ဦးကိုကိုလေးနဲ့ ဦးစိုးမြင့်တို့ ဖြစ်ကြပါတယ်။ (ဗိုလ်မှူးကြီး သောင်းထိုက် (ငြိမ်း) ၂၀၀၅ ခုနှစ် နိုဝင်ဘာမှာ ကွယ်လွန်သွားကြောင်း သူ့သားက ပြောပြလို့ သိရပါတယ်)

အဲဒီ သင်တန်းကပြန်လာတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ စီစဉ်ချက်အရ သတင်းစာအတတ်သင်ကျောင်းကို ပြည်လမ်း၊ စာပေဗိမာန် ဆိုရန်တိုဗီလာ အဆောက်အဦမှာ ဖွင့်လှစ်ပါတယ်။ ကျောင်းအုပ်ကြီးအဖြစ် ဗိုလ်မှူးသောင်းထိုက် (နောင်အခါ စာရေးဆရာကြီး ဒုဗိုလ်မှူးသောင်းထိုက်အဖြစ် ထင်ရှားလာသူ) က တာဝန်ယူဆောင်ရွက်ခဲ့ရပါတယ်။ နောက်ပိုင်းမှာ ကျောင်းအုပ်ကြီးတာဝန်ကို ဗိုလ်မှူးကျော်ဆန်းနဲ့ ဗိုလ်မှူးစောမြင့် (ကြေးမုံ) တို့က တလှည့်စီ တာဝန်လွှဲပြောင်းယူခဲ့ရပြီး၊ သူတို့နဲ့ တွဲဖက်ကာ ကျနော်က ကျောင်းအတွင်းရေးမှူးအဖြစ်နဲ့ သင်တန်းအမှတ်စဉ် ၂ မှ ၆ အထိ တာဝန်ယူခဲ့ရပါတယ်။

သတင်းစာအတတ်သင်ကျောင်းမှာ ၁၉၆၇ ခုနှစ် ဒီဇင်ဘာလကစပြီး သတင်းစာပညာသင်တန်းအမှတ်စဉ် ၁ ကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ သင်တန်းအမှတ်စဉ် ၆ အထိ သင်ကြားပေးခဲ့ပြီးမှ ၁၉၇၃ ခုနှစ် နိုဝင်ဘာလမှာ ရပ်ဆိုင်းသွားခဲ့ပါတယ်။ သင်တန်းကာလမှာ တကြိမ်လျှင် ၈ လ၊ ၉ လ၊ ၁၀ လ အသီးသီး ကြာမြင့်ခဲ့ပါတယ်။ သတင်းစာတိုက်တွေမှာ လုပ်ကိုင်နေကြတဲ့ သတင်းထောက်၊ ခေတ်ပုံဆရာ၊ အယ်ဒီတာစသည်များအပြင် ပြည်နယ်ပြန်ကြားရေးဌာနများနဲ့ တခြားဌာနများ

စာနယ်ဇင်းလုပ်ငန်းများမှ ပါဝင်ပတ်သက် လုပ်ကိုင်နေသူ ဝန်ထမ်းများကိုလည်း လက်ခံပြီး၊ ခေတ်နဲ့အညီ တိုးတက်နေတဲ့ သတင်းစာပညာ သဘောတရားနဲ့ လက်တွေ့များကို ဥာဏ်သစ်လောင်း လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ သင်တန်း ၆ ကြိမ်မှာ စုစုပေါင်း သင်တန်းသူ၊ သင်တန်းသား ၂၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။

အဲဒီ သတင်းစာပညာသင်တန်းတွေမှာ သတင်းစာလောက၊ စာပေလောကတို့မှ နိုင်ငံကျော် ဝါရင့်ဆရာကြီးများကို အထူးဖိတ်ခေါ်ပြီး ဟောပြော သင်ကြားပို့ချပေးစေခဲ့ပါတယ်။ ဝါရင့်သတင်းစာဆရာကြီးတဦးဖြစ်တဲ့ ယုပီဦးဘသန်းက သူရဲ့ သတင်းလိုက်နည်း သတင်းအတွေ့အကြုံ၊ သတင်းအေဂျင်စီ လုပ်ငန်းအဝဝကို ဟောပြောပို့ချပေးခဲ့ပါတယ်။ ဆရာကြီး ဦးယော (ဆရာဇေယျ)ဆိုရင်လည်း ပြန်ကြားရေးလုပ်ငန်း အတွေ့အကြုံ၊ မြန်မာနိုင်ငံသတင်းစာ သမိုင်းတို့ကို ပို့ချပေးခဲ့ပါတယ်။ ဘာသာပြန်ဝတ္ထုများဖြင့် ကျော်ကြားသူ ဆရာကြီး ဒဂုန်ရွှေမျှားက ဘာသာပြန်နည်းများ၊ သတင်းစာဆရာကြီး ဇဝနက သတင်းရေးသားတည်းဖြတ်နည်း၊ ဆရာကြီးသိန်းဖေမြင့်က သတင်းဆောင်းပါး၊ သရော်စာရေးနည်းများကို သင်ကြားပို့ချပေးခဲ့ကြပါတယ်။ မန္တလေး ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ် ဆရာဦးဝင်းတင် (ယခု နဝတ၊ နအဖ အကျဉ်းထောင်ထဲမှာ) ဆိုရင် မန္တလေးမှ ရန်ကုန်သို့ တကူးတကလာပြီး သင်တန်းသားများကို သတင်းစာမျက်နှာ အပြင်အဆင် မိတ်ကပ်၊ ပုံပြသရုပ်ဖော်ခေါင်းစည်းတပ်နည်းများကို စာတွေ့လက်တွေ့စံနစ်တကျ စိတ်ရှည်လက်ရှည် ရှင်းလင်းသင်ကြားပြသပေးခဲ့ပါတယ်။

မြန်မာ့အသံမှ ဆရာဦးကျော်ငြိမ်းက ရေဒီယို သတင်းစာပညာ၊ ဘောလုံးပွဲ မျက်မြင်တိုက်ရိုက် အသံလွှင့်ပုံတို့ကို သင်ပြပေးခဲ့ပါတယ်။ ဆရာဦးခင် (ဘီဘီစီ) ကလည်း ပြည်ပအသံလွှင့်ဌာနအတွေ့အကြုံများကို လာရောက်ဟောပြောပို့ချပေးခဲ့ပါတယ်။ နာမည်ကျော်ကာတွန်းဆရာ ဦးဖေသိန်းက သတင်းစာများမှာ ကာတွန်းအရေးပါပုံကို လက်တွေ့ဆွဲပြပြီး ရှင်းလင်းပို့ချခဲ့တာလည်း အထူးစိတ်ဝင်စားဖို့ကောင်းပါတယ်။

ဆရာအောင်ဗလ ခေါ် ကြေးမုံဦးသောင်းကတော့ ဟိုစဉ်က ငယ်ရွယ်သူ သတင်းထောက်များနဲ့ ခင်မင်ရင်းနှီးသူဖြစ်လေတော့၊ သူသတင်းစာလောကထဲ ခြေစုံပစ်ဝင်ခဲ့ပုံ၊ သတင်းထောက်အဖြစ် ခက်ခက်ခဲခဲ သတင်းရှာဖွေထောက်လှမ်းရပုံ၊ သတင်းရေးသားပုံ၊ ပါလီမန်လွှတ်တော် သတင်းယူပုံ၊ ဘတ်ဂျက်ဖတ်ပုံ၊ ဘတ်ဂျက်သတင်းရေးပုံ စသည်များကို သူရဲ့များပြားထူးခြားလှတဲ့ အတွေ့အကြုံနဲ့ ယှဉ်ပြီး လူငယ်သတင်းသမားတွေအတွက် စံပြုအတုယူရအောင် စေတနာဖြင့် သင်ကြားပို့ချပေးခဲ့တာကို အမြဲအမှတ်ရနေပါတယ်။

အဆိုပါ သတင်းစာဆရာကြီးများရဲ့ ဂုဏ်ကျေးဇူးကား ကြီးမားလှပေစွ။

၁၉၇၂ ခုနှစ်က ကယားပြည်နယ် လွိုင်ကော် လောပီတ ရေအားလျှပ်စစ်စက်ရုံနှင့် မိုးဗြဲဆည်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်လေ့လာတဲ့ခရီးစဉ်မှာ ဆရာအောင်ဗလ အပါအဝင် ဆရာဦးထင်ကြီး၊ ဆရာမောင်သော်က၊ ဆရာ ဦးသိန်းဖေမြင့်၊ ဆရာဇဝန၊ ဆရာ သာကဒိုး၊ ဆရာ ဦးလေးမြိုင်၊ ဆရာဦးတင်မြစတဲ့ သတင်းစာဆရာကြီး၊ စာရေးဆရာကြီးများနဲ့အတူ ကျနော်လိုက်ပါသွားခဲ့ရတာကိုလည်း ပြန်လည်သတိရနေမိပါတယ်။

ဆရာအောင်ဗလ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်၍ ထက်မြက်သောကလောင်လက်နက်ဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆထက်ထမ်းပိုးတိုး၍ သယ်ပိုးနိုင်ပါစေသော်။ ။❑



# သတင်းစာဘ၀ နှစ်ပေါင်း ခြောက်ဆယ်

မောင်စွမ်းရည်

ကြေးမုံဦးသောင်း ခေါ် စာရေးဆရာကြီး အောင်ဗလဟာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ မှာ ဆိုရင် သတင်းစာဆရာဘ၀ သက်တမ်း ၆၀ တင်းတင်းပြည့်ပြီလို့သိရပါတယ်။ နှစ်ပေါင်း ၆၀ ဆိုတာ နည်းနည်းနောနော မဟုတ်ပါတကား။

လူ့သက်တမ်း ၁၀၀ ဆိုရင် နှစ်ပေါင်း ၅၀ ဟာ လူ့သက်တမ်းရဲ့တဝက် မဟုတ်ပါလား။ လူ့သမိုင်းကို တွက်ရင်လည်းနှစ် ၁၀၀ စီကို ရာစုလို့ ပိုင်းခြားလေ့ရှိလေတော့ နှစ်ပေါင်း ၅၀ ကို ရာစုဝက် ခေါ်ကြပါတယ်။ ခုဆိုရင် ဆရာအောင်ဗလရဲ့ သတင်းစာဆရာဘဝဟာ နှစ်ပေါင်း ၆၀ ဆိုတော့ ရာစုနှစ်တစ်စုရဲ့ တဝက်ကျော်သက်တမ်းရှည်တဲ့ သမိုင်းကာလကြီးတခုကို ဖြတ်သန်းခဲ့လေပြီလို့တွက်ရင်လည်း တကယ့်ကို ကြုံတောင့်ကြုံခဲ သက်တမ်းမဟုတ်ပါလား။

ဒီနှစ်မှာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေး သက်တမ်းဟာ နှစ်ပေါင်း ၅၉ နှစ်ပါ။ ဆရာ အောင်ဗလရဲ့ သတင်းစာဘဝသက်တမ်းဟာ လွတ်လပ်ရေးသမိုင်းကြီးတခုလုံးကို ဖြတ်သန်းခဲ့တဲ့ဘဝဖြစ်ပါတယ်။ ဆရာရဲ့ သတင်းစာဆရာဘဝဟာ ၁၉၄၇ ဖေဖော်ဝါရီ ၂၇ က စတယ်လို့ သိရပါတယ်။ လွတ်လပ်ရေးရတော့ ဆရာက သတင်းစာဆရာပေါက်စပေါ့။ ဆရာ စပြီးအလုပ်ဝင်လုပ်ခဲ့တာက ဗမာ့ခေတ် သတင်းစာမှာပါ။ အယ်ဒီတာချုပ်က အဲဒီခေတ်က လျှမ်းလျှမ်းတောက်ဖြစ်နေတဲ့ ဦးအုန်းခင်ပါ။ သခင်နုတို့ရဲ့ နဂါးနီစာအုပ်အသင်းမှာ မန်နေဂျာလုပ်ခဲ့လို့ နဂါးနီ ဦးအုန်းခင်လို့လည်း ကျော်ကြားခဲ့သူပါ။ တို့ဗမာအစည်းအရုံး စတင်ထူထောင်သူတွေ သွားတက်လိုက်ရင် သတင်းစာဆရာဘဝ အတွေ့အကြုံ (သတင်းစာ တက္ကသိုလ်) မှာ ၄ နှစ် လျော့သွားမှာပေါ့လို့ ပြောပြတယ်။ အဲဒီအယူအဆကို လက်ခံလိုက်ပြီး တက္ကသိုလ်ကို ကျောခိုင်းလိုက်တယ်။ သတင်းစာလောကထဲကို ခြေစုံပစ်ဝင်လိုက်ပါတယ်။ ဒီအကြောင်းတွေကို ဆရာအောင်ဗလ က ‘ဗမာ့ခေတ်မှ ကြေးမုံသို့’ ဆိုတဲ့ စာအုပ်မှာ ရေးခဲ့ပါပြီ။

ဆရာအောင်ဗလ တက္ကသိုလ်ကို ကျောခိုင်းလိုက်တာ မှန်သွားပါတယ်။ တက္ကသိုလ်က သင်မပေးနိုင်တဲ့ပညာတွေကို အများကြီး ဆည်းပူးခွင့် ကြုံလိုက်ပါတယ်။ ၁၉၄၇ မှာ သတင်းစာလောကထဲကို ဝင်လိုက်တာဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်

**ပြည်တွင်းစစ်နဲ့ လက်ဝဲလက်ယာဝါဒစစ်ပွဲကို**
**သူသေကိုယ်သေ နွှဲခဲ့ကြတာတွေ၊ ကရင်ခေါင်းဆောင် စောဘဦးကြီး**
**စစ်ကြေးစားတွေရဲ့ အသတ်ခံရတာ၊**
**အဲဒါတွေကြားထဲကို ရောက်ရှိသွားခဲ့ပါတယ်။**
**ဒါဟာ သမိုင်းရဲ့ဗဟိုချက်ပေါ်မှာ ထိုင်မိလိုက်တာပါပဲ။**

ထဲမှာပါဝင်ခဲ့ပေမယ့် သခင် အုန်းခင်လို့တော့ အမည်မခံယူခဲ့ပါဘူး။ ဒါပေမယ့် နိုင်ငံရေးသမားကြီးပါ။ ဗမာ့ကျန်းမာရေးလှုပ်ရှားမှုမှာ ခေါင်းဆောင်တဦးအဖြစ်နဲ့ ခြေလျင် ဦးအုန်းခင်လို့လည်း ကျော်ကြားသူပါ။ အဲသလို ကိုလိုနီခေတ်နှောင်းနဲ့ လွတ်လပ်ရေးခေတ်ဦးမှာ စာနယ်ဇင်းနဲ့ နိုင်ငံရေးခေါင်းဆောင်ဖြစ်သူ ဦးအုန်းခင်ထံမှာ ဆရာ အောင်ဗလက တပည့်ခံခဲ့ပါတယ်။

အဲဒီတုန်းက ဆရာအောင်ဗလရဲ့ အသက်ဟာ ၂၀ ဝန်းကျင်ပဲ ရှိဦးမှာပါ။ ၁၀ တန်း အောင်ပြီးနေပြီ။ အညာသား (ညောင်ဦးဇာတိ) လူငယ်လေးဟာ ရန်ကုန်ဆင်းလာပြီး တက္ကသိုလ်တက်ဖို့ပြင်ပြီးနေပြီ။ သူ့ဆရာက သူ့ကို တက္ကသိုလ်သွားဖို့ အားမပေးပါဘူး။ တက္ကသိုလ်ကို ၄ နှစ် ခေါင်းဆောင်တွေ ကျဆုံးတာကို သွေးစိမ်းရှင်ရှင် မြင်လိုက်ရတယ်။ လုပ်ကြံသူ လူသတ်သမား ဂဠုန် ဦးစော ကြိုးပေးခံရတာတွေ၊ ယူနီယံဂျက်အလံကို လျှောချပြီး ကြယ်ငါးပွင့် ပြည်ထောင်စု မြန်မာနိုင်ငံ အလံတော်ကြီးကို အလံတိုင်ထိပ်တင်လိုက်တာတွေ၊ ရန်ကုန်မြို့တော်ကြီး သူပုန်တွေလက် ကျဆုံးခါနီး အခြေအနေတွေ၊ ဗုံးအမြောက်ဆံတွေ ပလူပျံနေတာတွေ၊ ပြည်တွင်းစစ်နဲ့ လက်ဝဲလက်ယာဝါဒ စစ်ပွဲကို သူသေကိုယ်သေနွှဲခဲ့ကြတာတွေ၊ ကရင်ခေါင်းဆောင် စောဘဦးကြီး စစ်ကြေးစားတွေရဲ့ အသတ်ခံရတာ၊ အဲဒါတွေကြားထဲကို ရောက်ရှိသွားခဲ့ပါတယ်။ ဒါဟာ သမိုင်းရဲ့ဗဟိုချက်ပေါ်မှာ ထိုင်မိလိုက်တာပါပဲ။

သတင်းစာဆရာဆိုတာ ကမ္ဘာ့သတင်း၊ ဗမာ့သတင်းတွေကို အမြဲထိတွေ့နေရသူ ဖြစ်ပါတယ်။ သမိုင်းရေစီးထဲကိုမျောပါရင်း နိုင်ငံရေး သင်တန်း တက်နေသလိုလည်း ဖြစ်နေပါတယ်။ ဒါကြောင့် သတင်းစာဆရာတွေဟာ နိုင်ငံရေး သမားတပိုင်းလည်း ဖြစ်နေတတ်ပါတယ်။ သတင်းစာဆရာ၊ ဝန်ကြီး ဦးထွန်းဖေက လွတ်လပ်ရေးရအောင် ငါတို့သတင်းစာဆရာတွေ ဦးဆောင်ခဲ့တာလို့ ပြောလေ့ရှိတာဟာ မှန်သလောက်မှန်ပါတယ်။ သတင်းစာဆရာဟာ 'ရှေ့ဆုံး' က မဟုတ်တောင် 'ရှေ့တန်း' က ဆိုတာ ငြင်းမရပါ။ သတင်းစာသမားဟာ နိုင်ငံကို နိုင်ငံရေးမျက်စိ ဖွင့်ပေးနေရသူလည်း ဖြစ်ပါတယ်။ သတင်းစာသမားဟာ စာပေနဲ့ ရင်းနှီးနေတာကြောင့် စာရေးဆရာ အလုပ်ကို လည်း ဝင်လုပ်နေမိတတ်ပါတယ်။ သတင်းစာ ဆရာ၊ နိုင်ငံရေးသမား၊ စာရေးဆရာဆိုပြီး အနည်းဆုံး ၃ ဘဝ ခွဲနေရသူ သို့မဟုတ် ပေါင်းစပ်နေရသူလို့လည်း ဆိုနိုင်ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ် ဦးဘချို၊ ဦးထွန်းဖေ၊ ဦးပုကလေး၊ သူရိယ ဦးသိမ်းမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ လူထု ဦးလှ၊ ဦးသိန်းဖေမြင့်၊ ဗမာ့ခေတ် ဦးအုန်းခင် စတဲ့ ပုဂ္ဂိုလ်ကြီးများဟာ သတင်းစာဆရာဘဝကို အဓိကထား လုပ်ရင်းက ကျန်တဲ့ဘဝတွေပါ လုပ်ရင်းကိုင်ရင်း တိုးပွားလာကြသူတွေ ဖြစ်ပါတယ်။

ဗမာ့ခေတ် ဦးသောင်းဟာ ကြေးမုံသတင်းစာတိုက်ကြီးကို ထောင်ပါတယ်။ ခေတ်မီစက်သစ်ကြီးတွေ၊ ခေတ်မီထုတ်လုပ်မှုစနစ်တွေ သုံးရုံမက စီမံခန့်ခွဲပုံအသစ်နဲ့ ဆရာဇဝန၊ စိန်ခင်မောင်ရီ၊ ဦးဝင်းတင်၊ ငွေဥဒေါင်း စတဲ့ လူတော်တွေစုစည်းပြီး ပြုစုပျိုးထောင်လိုက်တဲ့အတွက် ဗမာ့သတင်းစာလောကမှာ စောင်ရေလည်း ထိပ်တန်း၊ သြဇာလည်း ထိပ်တန်းကို ရောက်လာခဲ့ပါတယ်။

ဆရာအောင်ဗလဟာ ပြဇာတ်တွေ၊ ဝတ္ထုတိုတွေလည်း ရေးပါတယ်။ ကလောင်စွမ်းက လည်း သွက်လက်ထက်မြက်သူ ဖြစ်ပါတယ်။ ဆရာအောင်ဗလဟာ အညာသား သတင်းစာ သမားလေး မောင်သောင်းဘဝကနေ ပြေးရင်း လွှားရင်း ထိပ်တန်းသို့ ထိုးဖောက်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ သတင်းစာဆရာဘဝနဲ့ ထူးချွန်သလို စာရေးဆရာဘဝနဲ့လည်း ထူးချွန်သူဖြစ်ပါတယ်။ မြန်မာသတင်းစာလောကမှာ အိုးဝေ ဦးညိုမြ၊ ဆရာ ဇဝန၊ ဆရာ ဥက္ကာ စတဲ့ သတင်းစာပညာရှင်ကြီးတွေ ရှိကြပါတယ်။ ဒါပေမယ့် စာသာရေးတတ်ပြီး သတင်းစာတိုက် အုပ်ချုပ်ရေးနဲ့ ငွေကြေးစီမံခန့်ခွဲမှုမှာ ညံ့ဖျင်းကြပါတယ်။ ဆရာ အောင်ဗလကတော့ သတင်းစာ ဆရာအနေနဲ့အပြင် စီမံအုပ်ချုပ်မှုဘက်ကပါ ထူးချွန်သူလို့ ဆရာ့ဆရာကြီးတွေကိုယ်တိုင်က ချီးမွမ်းခံရသူဖြစ်ပါတယ်။

ဗမာ့ခေတ် ဦးသောင်းဟာ ကြေးမုံ သတင်းစာတိုက်ကြီးကို ထောင်ပါတယ်။ ခေတ်မီ စက်သစ်ကြီးတွေ၊ ခေတ်မီထုတ်လုပ်မှုစနစ်တွေ သုံးရုံမက စီမံခန့်ခွဲပုံအသစ်နဲ့ ဆရာဇဝန၊ စိန်ခင်မောင်ရီ၊ ဦးဝင်းတင်၊ ငွေဥဒေါင်း စတဲ့ လူတော်တွေစုစည်းပြီး ပြုစုပျိုးထောင်လိုက်တဲ့ အတွက် ဗမာ့သတင်းစာလောကမှာ စောင်ရေ လည်း ထိပ်တန်း၊ သြဇာလည်း ထိပ်တန်းကို ရောက်လာခဲ့ပါတယ်။

တိုင်းပြည်ရဲ့အရေးမှာ အရေးအကြီးဆုံးက ပြည်တွင်းငြိမ်းချမ်းရေးပါ။ ပြည်တွင်းစစ်ကြီး မရပ်နိုင်လို့ မြန်မာနိုင်ငံဟာ အောက်ကျနောက် ကျနိုင်ငံဘဝက ခုအထိ မတက်နိုင်ဖြစ်နေတာ ကို သတင်းစာဆရာတွေက အသိဆုံးပါ။

ဒါကြောင့် သတင်းစာဆရာတွေဟာ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စတွေကို ရှေ့တန်းတင်လိုက်ကြပါတယ်။ ဖဆပလ၊ ပထစ၊ မဆလ စတဲ့ အစိုးရတွေဟာ ပြည်တွင်းစစ်မှာ ပလ္လင်ထိုင်နေကြလေတော့ သတင်းစာဆရာတွေကို ရန်သူတွေအဖြစ်သတ်မှတ်ပြီး အားလုံးလောက်ကိုဖမ်းဆီးထောင်ချလိုက်ရာမှာ ဆရာ အောင်ဗလ ခေါ် ကြေးမုံဦးသောင်းလည်း ပါသွားရှာပါတယ်။ မဆလ ဗိုလ်နေဝင်းက လူကိုထောင်ချရုံမက သတင်းစာတိုက်ကိုပါ ပြည်သူပိုင်သိမ်းလိုက်ပါတယ်။ ဘဝပျက်အောင် ချေမှုန်းခဲ့တာပါပဲ။ သတင်းစာသမားတိုင်းကို လုပ်တာပါ။

ထောင်ထဲမှာ ဦးသောင်းကို မှတ်လောက်အောင်ထားပြီးမှ ထောင်က ထုတ်၊ ရာထူးတွေပေးပြီး ချော့ပြန်ပါတယ်။ ဒါ ဗိုလ်နေဝင်း ထုံးစံပါ။ သတင်းစာဆရာစစ်စစ်တွေကတော့ ဒါမျိုးလုပ်လို့မရပါဘူး။ မကြာခင် ဆရာသောင်းဟာ ပြည်ပကို ထွက်သွားခဲ့ပါတယ်။ ပိုမိုဖြောင်ကျတဲ့ စစ်အစိုးရစစ်စစ်ဖြစ်တဲ့ နဝတ၊ နအဖတက်လာတဲ့အခါမှာတော့ ရှိသမျှသတင်းစာဆရာဘဝ အတွေ့အကြုံတွေ၊ ဆည်းပူးခဲ့သမျှ စာနယ်ဇင်းပညာတွေကို အသုံးချပြီး ကလောင်တိုက်ပွဲ ဆင်ပါတယ်။ ဗိုလ်နေဝင်း ဇာတ်လမ်းရှုပ်သမျှတွေနဲ့ စစ်ဗိုလ်တွေ ဇာတ်လမ်းယုတ်သမျှတွေကို ဖော်ထုတ် တိုက်ခိုက်ပါတယ်။

ထိုင်းက ‘ခေတ်ပြိုင်ဂျာနယ်’ ကို ဦးစီးရင်း အမေရိကန်ပြည်ထောင်စုကနေ စာတွေရေးပါတယ်။ အသံလွှင့်ပါတယ်။ စာအုပ်တွေ ဟောတအုပ် ဟောတအုပ် ထွက်လာပါတယ်။ ဂျပန်၊ ဥရောပ၊ ထိုင်း၊ အမေရိကန်၊ ဩစတြေးလျ စတဲ့ နိုင်ငံတကာက မြန်မာစာစောင် အကြီး အသေး မရွေး တောင်းတိုင်း ရေးပေးပါတယ်။ ပေးတိုင်း ဥာဏ်ပူဇော်ခရမယ်ဆိုရင် ဆရာသောင်းကြီးဟာ သန်းကြွယ်သူဌေး ဖြစ်လောက်ပါပြီ။ ယုံကြည်ချက်နဲ့ထုတ်ကြတဲ့ စာစောင်လေးတွေမှာ ငွေကြေးမဖူလုံကြပါ။ ဒါကြောင့် ပြည်ပမှာ ဘယ်စာရေးဆရာမှ စာမူခ ရှေ့တန်းမတင်ဘဲ စာရေးနေကြရာမှာ ဆရာသောင်းဟာ ရှေ့ဆုံးကပါပဲ။

ခုဆိုရင် ဆရာသောင်းဟာ အသက် ၈၀၊ သတင်းစာသက် ၆၀ ပြည့်ခဲ့ပါပြီ။ မြန်မာစာနယ်ဇင်းလောကမှာ အသက် ၉၀ ကျော် အမေလူထုဒေါ်အမာကလွဲရင် ဆရာသောင်းဟာ ဝါအရင့်ဆုံး သတင်းစာဆရာကြီးတပါးပါ။ အသက် ၈၀ ကျော်မှာ စာအုပ်တွေ ရေးနေတုန်းပါ။ ခုလည်း ‘ဗိုလ်ခင်ညွှန့် ဇာတ်လမ်းရှုပ်သမျှ’ တွေကို မှတ်တမ်းထုတ်ပြဖို့ အားထုတ်နေတာ နေ့မနား ညမနားပါပဲ တဲ့။ မနားသေးနဲ့ ဆရာရေ့။ ဒီမိုကရေစီရေးအတွက် ဆက်လက် တိုက်ပွဲဝင်ကြပါဦးစို့။

ဆရာ အောင်ဗလ ခေါ် ကြေးမုံဦးသောင်း အသက် ၁၂၀ မက ရေးရပါစေသော်။ ဆရာသောင်း လိုချင်တဲ့ ဒီမိုကရေစီနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့် အမြန်ဆုံးရပါစေသော်။ ။ ❑

**ထိုင်းက ခေတ်ပြိုင်ဂျာနယ်ကို ဦးစီးရင်း အမေရိကန်ပြည်ထောင်စုကနေ စာတွေရေးပါတယ်။ အသံလွှင့်ပါတယ်။ စာအုပ်တွေ ဟောတအုပ် ဟောတအုပ် ထွက်လာပါတယ်။ ဂျပန်၊ ဥရောပ၊ ထိုင်း၊ အမေရိကန်၊ ဩစတြေးလျ စတဲ့ နိုင်ငံတကာက မြန်မာစာစောင် အကြီးအသေး မရွေး တောင်းတိုင်း ရေးပေးပါတယ်။**



# ကျနော်သိတဲ့ ဆရာအောင်ဗလ

ဝင်းဖေ

ကျနော် လူမှန်းသူမှန်းသိတတ်တဲ့အရွယ်ကတည်းက ဆရာအောင်ဗလက သတင်းထောက်ဖြစ်နေပါပြီ။

အဲဒီတုန်းက အလွန်နာမည်ကြီးတဲ့ 'ဗမာ့ခေတ်' သတင်းစာမှာပါ။ နောက်တော့ 'ဗမာ့ခေတ်' ကထွက်ပြီး 'ကြေးမုံ'သတင်းစာကို စတင်တည်ထောင်ပါတယ်။ မြန်မာသတင်းစာတွေထဲမှာ အော့ဖ်ဆက် စက်သစ်ကြီးနဲ့စရိုက်တော့ မင်ကျမင်နကအစ သိပ်ကောင်းပါတယ်။

သတင်းထောက်ကလေးဘဝကနေပြီး ကိုယ်ပိုင်သတင်းစာကြီးတခုကို တခမ်းတနားတည်ထောင်နိုင်စွမ်းရှိတာ သက်သက်ကိုပဲ အလွန်အားရကျေနပ်ခဲ့မိပါတယ်။ နောက်တခုက ကိုယ်ကိုယ်တိုင် အလံနီ လက်ဝဲယိမ်းဖြစ်ပါလျက် သတင်းစာပညာအတွက် လက်ဝဲဆန့်ကျင်ရေးသမား ဗမာ့ခေတ် ဦးအုန်းခင်ဆီမှာ ပညာသင်ခဲ့တာကိုလည်း အံ့သြမိပြန်ပါတယ်။ နောက်သူ့စာတွေမျိုးစုံကို ဖတ်ရပါတယ်။ စာနယ်ဇင်းပညာမျိုးစုံမှာ ကျွမ်းကျင်သူဖြစ်နေတာကိုလည်း အားကျမိပါတယ်။ ဆရာ့ပြဇာတ်တွေကလည်း ထိထိမိမိရှိလှပါတယ်။

ဆရာဦးသောင်းဟာ တသက်လုံး အံ့သြစရာတွေနဲ့ ပြည့်နှက်နေခဲ့တာ ခုထိပါပဲ။ တသက်လုံးသတင်းစာဆရာအဖြစ် မမှိတ်မသုံကြိုးပမ်းခဲ့တာ ခု သတင်းစာဆရာသက်တင်ပဲ အနှစ် ၆၀ ပြည့်ခဲ့ပေမယ့် သက်လုံကတော့ ဒေါင်ဒေါင်မြည်ဆဲ ဆိုတော့ အံ့သြပြီးရင်း အံ့သြ၊ အားကျပြီးရင်း အားကျပါပဲ ခင်ဗျား။

ဆရာကြီး ဦးသောင်း အသက်ရာကျော်ရှည်ပါစေ။

**ဝင်းဖေ**

**ရေဒီယိုဂျာနယ်လစ်အဖြစ် ၉ နှစ်ပဲ သက်တန်းရှိသူ**

# မိုးမခ မှာ ရေးခဲ့သမျှ

## မိုးမခပင်ကို လေခ ရလျှင်

### ကြေး မုံ ဦး သော င်း

နိုဝင်ဘာ ၅၊ ၂၀၀၆

မိုးမခ သတင်းလွှာသည် နိုင်ငံခြားရောက် မြန်မာများလောကတွင် တိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရသဖြင့် ကြည်နူးမိ၏။ မိမိတို့၏ ဝါသနာ၊ မိမိတို့ စိတ်ဆန္ဒအရ ပြည်ပရောက် မြန်မာအများ တို့သည် စာစောင်အမျိုးမျိုး ထုတ်ကြရာတွင် မိုးမခ သတင်းလွှာသည် တစတစ ထိပ်တန်းနေရာသို့ ရောက်ရှိလေမည့်နိမိတ်ကို မြင်ရသည်။

'စာစောင်'၊ 'မဂ္ဂဇင်း' ဟု အမည်ကို မယူဘဲ 'သတင်းလွှာ' ဟု ကြေညာသည်မှာ ရဲရင့်သည်။ သတင်းကို ဦးစားပေးမည်ဟု ပြတ်သားစွာ လမ်းစဉ်ချထားသည်။

ပြည်တွင်း၌ စစ်တပ်အစိုးရက ကျူးလွန်သော ရာဇဝတ်မှုများကို တင်းကျပ်စွာ ပိတ်ဆို့ထားသည်။ ပြည်တွင်းမှ သတင်းမှန်များကို မိုးမခ မှ ပိုမို သိကြရလေမည်ဟု မျှော်လင့်မိသည်။

လက်ငင်းအားဖြင့် မြန်မာနိုင်ငံသား အများတို့သည် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့စွာ ရောက်ရှိနေကြသည်။ သူတို့၏ သတင်းမှန်များကိုလည်း စုဆောင်းဖော်ပြရန် စာဖတ်ပရိသတ်တို့က လိုလားကြပေမည်။

မိုးမခ သတင်းလွှာက သတင်းအဖြာဖြာကိုပေးရင်း စစ်အစိုးရများ ဖျက်သဖြင့် မြန်မာစာသည် ပျက်စီးနေသည်ကိုလည်း ပြန်လည်ထွန်းကားရေးကို အားထုတ်ပါရန် တာဝန်အပ်နှင်းလိုသည်။

ယနေ့ မြန်မာကဗျာစာပေတွင် 'ကာရန်' နှင့် ရေးသားသူများ လွန်စွာ ရှားပါးနေသည်။ တလောက ဆရာကြီး ဇော်ဂျီ ၏ စာပေစစ်တမ်းတွင် မြန်မာစာပေ ကဗျာလောက၏ ကာရန်ပဂေးကြီး၏အကြောင်းကို သုတေသနပြုထားသည်ဆိုပါလျက် ဆရာကြီး၏ ကာရန်အကြောင်း တပိုဒ် တလုံးမှ ဖော်ပြခြင်း မပြုသည့်တိုင်အောင် ကာရန်ကို ပယ်သူတို့က ပယ်နေကြသည်။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က 'ဦးနှောက်ကောင်းတိုင်း လူတယောက်ဟာ ရာခိုင်နှုန်း ၁၀၀ ပြည့်တဲ့လူ မဟုတ်သေးဘူး။ နှလုံးသားလည်း သိမ်မွေ့မှ။ နှလုံးသား သိမ်မွေ့ဖို့က စာပေကဗျာ အနုပညာတွေကမှ တတ်နိုင်တာ' ဟုရေးခဲ့သည်။ ကဗျာအနုပညာ ဖွံ့ဖြိုးရေးကိုလည်း မိုးမခက လုပ်ဆောင်ပါဟု မေတ္တာရပ်လိုသည်။

မိုးမခ ထုတ်ဝေသူတို့သည် မိုးမခ ဟူသော အမည်ကို အသုံးပြုသဖြင့် စာဖတ်သူတို့က တာဝန်အများကို ပေးပိုင်ခွင့်ရှိသည်။ သူတို့ အမှီးပြုသော မိုးမခပင်တို့၏ သဘာဝကို ကြည့်ပါလေ။


ရုက္ခဗေဒကျမ်းတို့ အရ 'ဆေးလစ်' အမည်ရှိ မိုးမခပင်သည် ချုံပင်မှ အပင်ကြီးအထိ

**မိုးမခ ထုတ်ဝေသူတို့သည် မိုးမခ ဟူသောအမည်ကို အသုံးပြုသဖြင့် စာဖတ်သူတို့က တာဝန်အများကို ပေးပိုင်ခွင့်ရှိသည်။ သူတို့ အမှီးပြုသော မိုးမခပင်တို့သဘာဝကို ကြည့်ပါလေ။**

အမျိုးပေါင်း ၁၃၀ မှ ၃၀၀ အထိ ရှိ၏။ အနိမ့်ဆုံးအပင်မှာ တစ်လက်မခန့်သာ နိမ့်၍ ပင်မြင့်တို့က ပေ ၁၀၀ ကျော် မြင့်သည်။

အချို့ မိုးမခပင်တို့က လွန်စွာပျော့ပျောင်းသဖြင့် ခြင်းများ၊ တောင်းများ ရက်လုပ်ကြသည်။ အသားမာသော မိုးမခသစ်တို့က အဖြူရောင်ရှိကာခိုင်ခန့်သဖြင့် ခရစ်ကက်ရိုက်သော ဗက်တံ (Bat) မှ အိမ်တိုင်များအထိ သုံးကြသည်။ မိုးမခသစ်ဖြူတို့မှ စက္ကူလုပ်သည်။ သစ်ခေါက်ကို သားရေနယ်လုပ်ငန်းတွင် သုံးရသည်။ အချို့က ပရဆေးဖော်စပ်ရာတွင် ဆေးဖက်ဝင်သည်။

ထိုရွေ့ ထိုမျှ အသုံးဝင်သော သဘာဝသစ်ပင်၏အမည်ကို ယူထားသူများအဖို့ စာမျိုးစုံ တာဝန်မျိုးစုံကို ထမ်းရွက်ကြရန်သာ ... ။ ။ ❑



## ဟလို ... မြန်မာ့အလင်း

**တယ်လီဖုန်းဆက်သူ – အောင်ဇလ**

ဖေဖော်ဝါရီ ၈၊ ၂၀၀၇

**"ဟလို ... ဟလို ... မြန်မာ့အလင်း သတင်းစာတိုက်က အယ်ဒီတာချုပ်နဲ့ ပြောပါရစေ ..."**

"ပြောပါ ခင်ဗျာ ကျနော်က အယ်ဒီတာချုပ်ပါ"

**"အခု အမေရိကန်ပြည်က ခေါ်နေတာပါ"**

"ပြောပါခင်ဗျာ ... ကြော်ငြာထည့်ချင်လို့လား ... ပြောပါခင်ဗျာ။ နိုင်ငံခြားပြည်ပြေး မြန်မာတွေရဲ့ကြော်ငြာတွေကိုလည်း လက်ခံဖို့ ခွင့်ပြုကြောင်း အထက်က မူချထားပါတယ်"

**"ကောင်းတာပေါ့ ကောင်းတာပေါ့ ... ကျေးဇူးပါပဲ"**

"ဒါပေမဲ့ ... သာရေးနာရေး၊ ပုဂ္ဂိုလ်ရေး၊ လူမှုရေး ကြော်ငြာတွေကိုသာ လက်ခံဖို့ မူချထားပါတယ်။ နောက်ပြီးတော့ ကြော်ငြာခကို ... အမေရိကန်ဒေါ်လာနဲ့ တိတိကျကျ တင်ကြိုပေးမှ ဖော်ပြနိုင်ပါမယ်"

**"တရုတ်ယွမ်စက္ကူနဲ့ ပေးရင်ကော လက်ခံမှာလား"**

"ပိုကောင်း ... ပိုလွယ်ပေ့ါခင်ဗျာ"

**“ကျေးဇူးပါပဲ။ … ဒါပေမယ့် လူမှုရေး ကြော်ငြာ မထည့်နိုင်ပါဘူး။ ငါက အသက် ရှစ်ဆယ်ကျော်ပြီ။ ကျန်းမာရေးက သိပ် ကောင်းတယ်၊ နာရေးကြော်ငြာ မထည့်နိုင်ပါဘူး။ နောက်ထပ်လည်း မိန်းမတယောက် ရဖို့မလွယ်တော့ မင်္ဂလာသတင်းလည်း မထည့်နိုင်ပါ ဘူး။ ဒီနေ့ သတင်းစာထဲပါတဲ့ ဆောင်းပါးကလေးကို ကြိုက်လို့ဆက်တာပါ။ ထောက်ခံကြောင်း ဆောင်းပါး ရေးချင်လို့ပါ”**

“ကျေးဇူးတင်ပါတယ် … ကျနော်တို့ သတင်းစာက ဒို့တာဝန်အရေး သုံးပါး၊ ပြည်သူ့ သဘောထား … နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဦးတည်ချက်တွေကို …”

**“ဒါတွေတော့ ရွတ်မနေပါနဲ့။ စာနယ်ဇင်းမှန် သမျှ မျက်နှာဖုံးက ဖတ်ရတာ အဖန်တရာ တေနေပါ ပြီ။ ဒီနေ့ သတင်းစာမှာ ဒေါ်အောင်ဆန်းစုကြည် နိုဗယ်ဆုရတဲ့ငွေကို နိုင်ငံတော်အစိုးရကို အခွန်ဆောင် သင့်ကြောင်း ဆောင်းပါးကို ကြိုက်လို့ပါ။ ဒါထက် ဘယ်သူ ရေးတာလဲ”**

“ဝမ်းနည်းပါတယ်၊ ရေးသူကို မသိပါဘူး။ စိတ်ဓာတ်စစ်ဆင်ရေးရုံးကလာတဲ့ ဆောင်းပါးပါ”

**“ကေနွ အမည်မဖော်ဝံ့တဲ့ ဗိုလ်ချုပ် မင်းတပါး ကရေးတာနဲ့ တူပါတယ် … ဆရာသာဂဒိုး ရေးတာ လားလို့”**

“မဟုတ်ပါဘူး၊ ဆရာဒိုးက အသက်ကြီး လှပါပြီ။ ဆရာကတော်က စကော့ဈေးမှာ ဆိုင်ကြီးတွေပိုင်တော့ ဆရာကြီး စာရေးဖို့ မလို တော့ပါဘူး။ … ဒါပေမယ့် ဆရာကြီးက အငြိမ် မနေနိုင်တော့ ဗိန္ဓောဆေးဆရာလုပ်နေတယ် … မီးယပ်ရောဂါ အကုကောင်းတယ်လို့ နာမည် ကြီးပါတယ်”

**“ကိုယ့်လူ စကားပြောရတာ အားမရဘူး။ ဒီတော့ မင်းနဲ့ ငါနဲ့ ပြောပါရစေ … ငါက ဆရာဒိုးနဲ့ ရွယ်တူလူ။ အသက်က ရှစ်ဆယ်။ သတင်းစာလုပ် သက်က ခြောက်ဆယ်ရှိပြီ။ မင်းက ချာတိတ်ပဲကိုး”**

အယ်ဒီတာချုပ်များသာ ဖတ်ရတဲ့
အတွင်းကိစ္စဖိုင်မှာ ပါပါတယ်၊
၁၉၇၈ ခုက အထူးအမိန့်ပါ၊
အဲဒီ နာမည် ၂ ခုကို
မြန်မာပြည်မှာ ဘယ်သူမှ
ပုံနှိပ်ခြင်းမပြုရတဲ့။
စာပေစိစစ်ရုံးအမိန့်ပါ။

“မှန်ပါတယ် ကျနော့်ကို မင်းနဲ့ ငါနဲ့ ပြောပါ ခင်ဗျာ”

**“ငါ့နာမည်က ဦးသောင်း တဲ့၊ မင်း ကြားဖူးမှာ ပါ။ ကြေးမုံ အယ်ဒီတာချုပ်လေကွာ”**

“မကြားဖူးပါ ခင်ဗျာ။ ကျနော်ငယ်ငယ်က တည်းက ကြေးမုံဖတ်ပါတယ်။ အယ်ဒီတာ ဦးသောင်းလို့ တခါမှ မကြားဖူးပါခင်ဗျာ”

**“ရန်ကုန်မှာ စာအုပ် ၂၄ အုပ် ရေးခဲ့တယ်ကွာ။ စာရေးဆရာ အောင်ဗလ၊ ကြေးမုံ ဦးသောင်း ဆိုတာ ငါပေါ့”**

“သြော် သိပြီ သိပြီ … အယ်ဒီတာချုပ် များသာဖတ်ရတဲ့ အတွင်းကိစ္စဖိုင်မှာ ပါပါ တယ်။ ၁၉၇၈ ခုက အထူးအမိန့်ပါ။ အဲဒီ နာမည် ၂ ခုကို မြန်မာပြည်မှာ ဘယ်သူမှ ပုံနှိပ် ခြင်းမပြုရတဲ့။ စာပေစိစစ်ရုံးအမိန့်ပါ။ ဒီတော့ ဦးက ထောက်ခံဆောင်းပါးရေးမယ် ဆိုပေမယ့် လက်မခံနိုင်ပါဘူး။ ကျေးဇူးတင်ပါတယ်”

**“ဟေ့ ဟေ့ … ဖုန်းမဖြတ်ပါနဲ့ဦးကွ။ ဆွေးနွေး ပါရစေဦး။ ဒေါ်စုရဲ့ ဝင်ငွေကို ဝင်ငွေခွန် ကောက်သင့်တာ အမှန်ပေါ့ကွ”**

“မြန်မာနိုင်ငံကို မချစ်လို့ နိုင်ငံခြားသားလင်နဲ့ သားတွေ ပေးတာပေါ့”

**“သူ့ရဲ့ခင်ပွန်းက သေအံ့မူးမူးမှာ မြန်မာပြည်လာပြီး မယားလက်မှာ သေပါရစေလို့ အသနားခံတာ မြန်မာအစိုးရက ပြည်ဝင်ခွင့် မပေးဘူးကွ။ သားတွေလည်း ဗမာပြည်ကို အစိုးရက အဝင်မခံဘူးကွ”**

“ဒါတွေကို ကျနော်မသိဘူး။ ဘာပဲဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာ့မြေပေါ်နေပြီး မြန်မာ့ထမင်းကို စားနေရင် ဝင်ငွေခွန် ဆောင်ထိုက်တာပေါ့။ နိုင်ငံခြားမှာ အလုပ်လုပ်တဲ့ မြန်မာနိုင်ငံသားအများဟာ ဝင်ငွေခွန် သုံးဆယ်ရာခိုင်နှုန်း ဆောင်ရပါတယ်။ ဝင်ငွေများရင်တော့ အချိုးအဆပိုပေးရတာ ဥပဒေ ရှိပါတယ်”

**“နိုင်ငံခြားမှာ မြန်မာတွေ ငွေထားတာ မှန်ကန်မှုမရှိတာကို ငါက လက်ခံပါတယ်။ ဒါပေမင့် ဗိုလ်ချုပ်ကြီး ရွှေမန်းနဲ့ ဝန်ကြီးတွေအားလုံး သူတို့ရထားတဲ့ နိုင်ငံခြားသုံးငွေတွေကို သားသမီးများအမည်နဲ့ အင်္ဂလန်ဘဏ်တွေမှာ ငွေအပ်ပြီး စီးပွားသောင်းကျန်းလို့ ဗြိတိသျှအစိုးရက အရေးယူတာ မင်း မကြားလိုက်ဘူးလား။ နောက်ပြီး ဦးနေဝင်းရဲ့သမက်နဲ့ မြေးတွေကို သေဒဏ်ပေးတော့ ချစ်လင်နဲ့ သားချစ်တို့အတွက် ဆွစ်ဇာလန်မှာရှိတဲ့ ဦးနေဝင်းရဲ့ လျှို့ဝှက် နိုင်ငံခြားငွေစာရင်းတွေ အားလုံးကို သမီးက ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို ပေးရတယ်ဆိုတာကော သိရဲ့လား”**

“ကျနော်ဘာမှ မကြားပါခင်ဗျား”

**“နို့ သတင်းရေးတော့ ဘာတွေရေးသလဲလို့”**

“တပ်မတော် စိတ်ဓာတ်စစ်ဆင်ရေးက ပေး တာကိုပဲ ရေးပါတယ်”

**“အေးလေ … မင်းက သတင်းစာကြီးရဲ့ အယ်ဒီတာဆိုတော့ နားရှက်မလိုဘူးပေါ့။ နေပါဦး … ဒေါ်စုရဲ့ဝင်ငွေက ဘယ်လောက်လဲကွ”**

“အမေရိကန်ဒေါ်လာ တသန်းနဲ့ လေးသိန်း သုံးသောင်း ရှိပါတယ်”

**“အေးအေး … အများကြီးပါလား အခွန်တော်နှုန်းထားက ဘယ်လောက်ရှိသလဲကွ”**

“ဝင်ငွေ တစ်သိန်းကျော်ရင် အမြင့်ဆုံး ဝင်ငွေခွန်နှုန်းထားက ကိုးဆယ့်ကိုး ဒသမ ကိုး ရာခိုင်နှုန်း ရှိပါတယ်”

**“အပါး … အဟွတ် အဟွတ် … ဟွတ် ဟွတ် ဟွတ်”**

“ဟလို့ … ဟလို … ဟလို … အမေရိကန်က ဆရာကြီး ဘာလို့ တယ်လီဖုန်းကိုဖြတ်လိုက်တာလဲ ဟလို့ … ဟလို … ဟလို … မြန်မာ့အလင်းက ပြောနေပါတယ် … မြန်မာ့အလင်းက ပြောနေပါတယ် … ”။ ။ ❑

**သရုပ်ဖော်ပန်းချီ – မောင်ရစ်**

## အာစရိအဆူဆူ (၁)

### ကြေးမုံဦး သောင်း
မတ် ၁၉၊ ၂၀၀၇

**(၁၉၄၇ ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့က သတင်းထောက် ရာထူးရရှိ၍ နှစ်ပေါင်း ၆၀ ဆက်တိုက် စာပေဝန်ထမ်းစဉ် ပညာရင်နို့သောက်စို့ခဲ့ရသော ဆရာ့ ဆရာများ)**

ဗမာ့ခေတ် ဦးအုန်းခင်သည် တင်မောင်၏ ဆရာရင်းတဦး ဖြစ်သည်။

သူသည် အစိုးရ အမြွတ်ခွန်ရုံး အရာရှိဘဝ၊ ကျန်းမာရေးလိုက်စားရင်း ခြေလျင် ဦးအုန်းခင် အမည်နှင့် ဦးဇော်ဝိတ်ကို ပွဲထုတ်ခဲ့ရာမှ လူသိများလာသည်။ နဂါးနီ စာအုပ်တိုက်ကို ဦးစီးစဉ်တွင် ထင်ရှားသော စာရေးဆရာမကြီး ဒဂုံခင်ခင်လေးနှင့် အကြောင်းပါသောအခါမှ စာပေလောကတွင် တဟုန်ထိုးတက်လာသည်။ လွတ်လပ်စ ဖဆပလ အစိုးရခေတ်တွင် အကြီးဆုံး သတင်းစာ ဗမာ့ခေတ်ကို ထုတ်ဝေရင်း နိုင်ငံရေးသြဇာ တက်လာသည်။

နဂါးနီစာပေမှ စတင် ရင်းနှီးခဲ့သူ သခင်နုပင် သူ၏ ပင်ကိုစရိုက်ကို မသိရှာ။ ဦးအုန်းခင် တစုံတခုပြုလျှင် ပြီးမှ "ဒီလူကတော့ လုပ်ပြန်ပြီ" ဟု ကောက်ချက်ချလေ့ရှိသည်။

ဦးအုန်းခင်နှင့် ဒေါ်ခင်ခင်လေးတို့သည် ကိုယ်ပိုင်ပုံနှိပ်တိုက် ထောင်ကြသည်။ ဆရာကြီး ရွှေဥဒေါင်း၏ ဘာသာပြန်ဝတ္ထုများကို ပုံနှိပ်ရာ အောင်မြင်သည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ အင်္ဂလိပ်အစိုးရ၏ စစ်ဝါဒဖြန့်စာစောင်များ ပုံနှိပ်ခဲ့သည်။ 'ကမ္ဘာ့ရန်သူ' ဟူသော ဖက်ဆစ်အန္တရာယ်ကိုဖွဲ့သော စာအုပ်ကို ထုတ်ဝေသည်။ ဒီမိုကရေစီ မဟာမိတ်တပ်များကို ထောက်ခံသည်မှာမှန်သော်လည်း နယ်ချဲ့သမားအဖြစ် တပြည်လုံးက ဆန့်ကျင်နေချိန်ဖြစ်သဖြင့် အင်္ဂလိပ်အစိုးရထံမှ ငွေလက်ခံသည်ဟု မျက်စောင်းထိုးကြသည်။

ဂျပန်ခေတ်တွင် ဂျပန်အစိုးရ၏ ဝါဒဖြန့်သတင်းစာ ဗမာ့ခေတ်ကို ပုံနှိပ်ပေးသည်။ စစ်ပြီးသည်နှင့် ဗမာ့ခေတ်ကို ကိုယ်ပိုင်အဖြစ် မှတ်ပုံတင်ကာ ဆက်ထုတ်သည်။ မင်ကျမင်နကောင်းပြီး သတင်းထူးဦးသဖြင့် သတင်းစာ အောင်မြင်ပါလျက် အမေရိကန်သံရုံးမှ ကွန်မြူနစ်ဆန့်ကျင်ရေး သတင်းဆောင်းပါးတို့ကို မသိမသာ ပုံနှိပ်သဖြင့် မျက်စောင်း ထိုးကြပြန်သည်။ ဆောင်းပါးရှင် ဦးထွန်းဖေ (ထွန်းနေ့စဉ်) ကလည်း လက်ဝဲဆန့်ကျင်ရေး စာများကို ပြင်းထန်စွာရေးသဖြင့် ကွန်မြူနစ်တို့က ဗမာ့ခေတ်သတင်းစာများကို မီးရှို့ပွဲများ ကျင်းပသည်အထိ တိုက်ခိုက်ခံခဲ့ရသည်။

ရုရှားသံရုံးဝန်ထမ်းတဦး ကနေဒါ၌ နိုင်ငံရေးခိုလှုံခွင့်တောင်းသောအခါ ပထမအမှုဖြစ်သဖြင့် ကမ္ဘာကျော်ကာ စာအုပ်များ ရုပ်ရှင်များထွက်လာသည်။ ရန်ကုန်၌ ထိုရုပ်ရှင်ပြသောအခါ ကွန်မြူနစ်တို့ခဲပေါက်မည်ကြောက်သဖြင့် ကြည့်သူမရှိ။ ထိုစာအုပ်ကို မြန်မာဘာသာပြန်၍ထုတ်သဖြင့် ဗမာ့ခေတ် ဦးအုန်းခင်အမည်ကို I Choose Freedom – ဦးအုန်းခင်ဟု သရော်ကြသည်။

တင်မောင်၏ ကိုယ်တွေ့အရမူ ဦးအုန်းခင်သည် ဒီမိုကရေစီဝါဒီတဦး ဖြစ်သဖြင့် ဗမာ့ခေတ်တွင် အမေရိကန်အားဝေဖန်သော ဆောင်းပါးများရေးသည်ကို ဟန့်တားမှု မပြုသည်မှာ ကိုယ်တွေ့ဖြစ်သည်။ တရုတ်ဖြူအရေးတွင် "မြန်မာ့မြေပေါ် ကျူးကျော်သူ တရုတ်ဖြူစစ်တပ်၏ ပိုင်ရှင် အမေရိကန်အစိုးရကို တိုက်ကြစို့၊ ရန်ကုန် အမေရိကန်သံရုံးကို ဖျက်ရန်ချီတက်ကြစို့" ဟု ပြင်းထန်စွာ ဆောင်းပါးရေးသည်ကို တခွန်းမှဝင်၍ မစွက်ခဲ့ပေ။

ဗမာပြည် ကွန်မြူနစ်ညီလာခံတွင် အတွင်းရေးမှူး သခင်စိုးအား ဖြုတ်ချသဖြင့် စဉ်ပြိုင်ပါတီထောင်သောအခါ ဗမာ့ခေတ်က သခင်စိုး၏ အလံနီပါတီကို အားပေးသည်။ အလံနီပါတီ လှုပ်ရှားမှုများကို အသားပေး ဖော်ပြသည်။ ဦးအုန်းခင်က ငွေကြေးပါ ကူညီသည်။ "သိန်းဖေနဲ့ သန်းထွန်းတို့က မရိုးသားတာ ငါက အတွင်းသိကွ" ဟု သူက ပြောသည်။

အလံနီပါတီ လှုပ်ရှားမှုများ တစတစ ကြီးလာသောအခါ ခေါင်းဆောင်အများ အဖမ်းခံရသည်။ ထောင်တွင်းရောက်သော် အလံနီတို့သည် 'သေရဲတာ အလံနီ' ဆောင်ပုဒ်နှင့် အစာငတ်ခံ တိုက်ပွဲဆင်ကြသည်။ အမှန်တကယ် အစာငတ်ခံသဖြင့် သေနိုင်သည့်အခြေအနေရောက်သောအခါ ထောင်အရာရှိများက ဝန်ကြီးချုပ်ထံ အစီရင်ခံကြသည်။ ငါးပါးသီလမြဲသူ

**ဗမာပြည်ကွန်မြူနစ်ညီလာခံတွင် အတွင်းရေးမှူး သခင်စိုးအား ဖြုတ်ချသဖြင့် စဉ်ပြိုင်ပါတီ ထောင်သောအခါ ဗမာ့ခေတ်က သခင်စိုး၏အလံနီပါတီကို အားပေးသည်။ အလံနီပါတီ လှုပ်ရှားမှုများကို အသားပေး ဖော်ပြသည်။**

သခင်နုက "မသေကြပါစေနှင့်။ သေလောက်အောင် အားနည်းချိန်မှာ ထောင်ပြင်ပန်းခြံတခုထဲကို သယ်သွားချထားပြီး ဆွေမျိုးတွေကို ပြောလိုက်" ဟု နှုတ်မိန့်ပေးထားသည်။

ပထမခေါင်းဆောင်အား ပန်းခြံတွင်းသွားထားသည်နှင့် အလံနီပါတီက ဦးအုန်းခင်ထံ အကူအညီတောင်းသည်။ သတင်းစာပို့သောကားနှင့် ချက်ချင်းသွားသယ်၍ ဗမာ့ခေတ်တိုက်အပေါ်ထပ်သို့တင်ကာ ဆရာဝန်နှင့် ကုပေးသည်။ အစာဝင်ပြီး ကျန်းမာလာမှ ပါတီဌာနချုပ်သို့သွားကာ တိုက်ပွဲဝင်ကြပြန်သည်။ ယင်းသို့ ထောင်တွင်းအစာတော်ခံတိုက်ပွဲ၏ မသေမရှင် လူနာများကို ထောင်က စွန့်ပစ်ထားလိုက်၊ ဗမာ့ခေတ်ကသယ်၍ ကုသပေးလိုက်ဖြင့်၊ ဗမာ့ခေတ်က ကုပေးရသူအလံနီအများ တိုးလာကာ အလံနီတို့ ပိုမိုလှုပ်ရှားလာနိုင်ကြသည်။ အချို့အလံနီတို့က ဗမာ့ခေတ်ကို သူတို့သတင်းစာဟုပင် ခေါ်သံများ ကြားရသည်။

**ထောင်တွင်း အစာတော်ခံတိုက်ပွဲ၏ မသေမရှင် လူနာများကို ထောင်က စွန့်ပစ်ထားလိုက်၊ ဗမာ့ခေတ်ကသယ်၍ ကုသပေးလိုက်ဖြင့် ––**

စုံထောက်များက ဝန်ကြီးချုပ်ထံ ဗမာ့ခေတ်၏ ကူနေပုံများကို အစီရင်ခံသောအခါ သခင်နုက "ဒီလူ လုပ်ပြန်ပြီ" ဟုသာ ဆိုသည်၊ အစိုးရက အရေးမယူ။ ဦးအုန်းခင်ကလည်း သူ၏ ကယ်တင်မှုများကို သတင်းရေးသားမှုမပြုဘဲ ချိုထားခဲ့သည်။

တင်မောင်တယောက် ဗမာ့ခေတ်၌ အလုပ်လျှောက်စဉ်က အယ်ဒီတာက ဗမာ့ခေတ်အပေါ် ဘယ်လိုမြင်သလဲဟု မေးသည်။ "တယူသန် လက်ဝဲဆန့်ကျင်ရေး ရေးသားသည်ကို မကြိုက်ပါ" ဟုဖြေစဉ်က ဦးအုန်းခင် ရှိနေပါလျက် အလုပ်ခန့်သည်ကို ထောက်၍ သူ၏ ကိုယ်ပိုင်လမ်းစဉ်မှာ လွတ်လပ်သော ဒီမိုကရေစီဝါဒဟု ဆိုသင့်သည်။

အသက် ၁၉ နှစ်သာရှိသော တင်မောင်အား သတင်းထောက်ခန့်စဉ်က သူ၏ဝါဒကို မပြော။ သတင်းကို တိုတိုနှင့် ပြည့်စုံအောင် ရေးသားနည်းကိုသာ ဖိ၍ သင်ပေးသည်။ သတင်းတပုဒ်ကို ဆယ်ကြိမ်မျှ ပြန်ရေးကာ တင်ပြစေသည်အထိ သင်ပြသည်။

အတွေ့အကြုံ ဗဟုသုတ စုံစေရန် သတင်းထောက်သစ်များနှင့် သတင်းထောက်ကြီးများ ရောယှက်၍ တရုတ်ဟော်တယ်စားပွဲများကို တက်စေသည်။ ထမင်းခွံ့ပေးသော ဟော်တယ်မယ်များကို သတင်းထောက်ကြီးများက လက်သရမ်းကြသည်ကို မြင်ရသောအခါ တောသားတင်မောင် ကျောချမ်းမိခဲ့ရသည်။

တင်းပြည့် သတင်းထောက်ဖြစ်လာသောအခါ ရန်ကုန်မြို့တော်မှ လူတန်းစား အသီးသီးနှင့် ရင်းနှီးစေသည်။ ရန်ကုန်မြင်းပွဲ အသင်းဝင်တို့နှင့် အကျွမ်းဝင်စေရန် ဝင်ကြေးကြီးသော အသင်းဝင်ကွင်းသို့လည်း သတင်းစာတိုက်စရိတ်နှင့် သွားစေသည်။ မိတ်ဆွေ အများရသည်။ မြို့တော် မျက်နှာဖုံး လူကြီးများနှင့် မျက်နှာသိဖြစ်ရသည်။ "ဥရောပ စားပွဲထိုင်နည်းကိုလည်းသင်ဟေ့" ဟု ဦးအုံးခင်က ပြောသည်။

တနေ့ အယ်ဒီတာခန်းတွင် ဦးအုန်းခင်ရှိနေစဉ် မိတ်ဆွေတဦးက ပတ်ကားဖောင်တိန်အသစ် ဝယ်လာသည် ကို ပြသည်။ တင်မောင်က စမ်းသပ်ရေးသားရန် ဖောင်တိန်ကို ယူဖွင့်စဉ်တွင် ဦးအုန်းခင်က လက်ကာပြီး ဖောင်တိန်ကို ပိတ်စေသည်။ "ဖောင်တိန်၊ နာရီ၊ ကင်မရာ အသစ်ဆိုတာ ပိုင်ရှင်ကိုယ်တိုင်က ကိုင်တွယ်ပြရတယ်ကွ။ တို့ကယူပြီးစမ်းတော့ မတော်တဆပျက်လျှင် မျက်နှာပျက်ရတတ်တယ်ကွ" ဟု ဆုံးမ၏။

ဦးအုန်းခင်က အသေးအဖွဲကလေးများကိုပင် အသေးစိတ်သင်ပေးသော်လည်း တိုက်သားများ အမှားပြုမိစေကာမူ မည်သူ့ကိုမှ အလုပ်ဖြုတ်ခြင်း အပြစ်တင်ခြင်း ပြုလေ့မရှိပေ။

တင်မောင်ရေးသဖြင့် အသရေဖျက်မှု လျော်ကြေး နှစ်သိန်း ဒဏ်ရိုက်ခံရသည်ကိုပင် အပြစ်မတင်ပေ။

"ဦးအုန်းခင်သည် အရေးကြုံလျှင် သက်လုံကောင်းသည်" ဟု ဆရာညိုမြက ရေးသည်။

၁၉၅၈ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်အစိုးရ အာဏာရနေချိန်က တနေ့တွင် သတင်းထောက်အားလုံးကို ဖိတ်ခေါ်၍ သတင်းစာရှင်းပွဲကျင်းပသည်။ နိုင်ငံခြား သတင်းထောက်များပါ သတင်းထောက် ၄၀ ကျော် တက်သည်။ ဖိတ်ခေါ်သောအချိန်ထက် နာရီဝက်ခန့် စောကာ စစ်ရုံး၌ စုကြသည်။ ခန်းမတွင် တနာရီခန့် ထိုင်မိသော်လည်း ဗိုလ်ချုပ်ကြီးနေဝင်း မရောက်

**ဦးအုန်းခင်သည်**
**သတ္တိကောင်းသည့်ပြင်**
**အကြံဉာဏ်ကောင်းသည်၊**
**တချိန်တွင် ပုန်းနေသည့်**
**သခင်စိုးတို့အားဖမ်းရန်**
**ပုလိပ်တို့က**
**ရွှေတိဂုံစေတီပရိဝုဏ်ကို**
**ဝိုင်းထားသဖြင့်**
**ပြေးပေါက်မရှိဖြစ်နေစဉ် ---**

လာဘဲ တပည့်စစ်ဗိုလ်များကသာ သွားဖြဲ၍ ဧည့်ခံနေကြသည်။

တနာရီခွဲကျော် ကြာသောအခါတွင်မှ ဗိုလ်နေဝင်း စင်ပေါ်တက်လာသည်။ ဦးအုန်းခင်က ပုဆိုးကို ဒူးပေါ်လှန်ကာ ခြေနှစ်ချောင်းကို တင်ပျဉ်ခွေ၍ ထိုင်သည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် များစွာ နောက်ကျမိသည်ကို ရှက်ဟန်တူသည်။ စင်မြင့်ပေါ်၌ တပည့်စစ်ဗိုလ်များကို အမျိုးမျိုးဆူပူကြိမ်းမောင်းသည်။ သတင်းထောက်တို့အား နှုတ်ဆက်ခြင်းပင်မပြုဘဲ သူ နောက်ကျရခြင်းသည် တပည့်စစ်ဗိုလ်များ၏အပြစ်ဖြစ်ဟန် ပြဇာတ်ခင်းပြသည်။

နောက်ဆုံးတွင်မှ သတင်းထောက်တို့ကို မျက်နှာမူပြီး "ခင်ဗျားတို့က ဘာတွေများ မေးကြချင်တာလဲ" ဟု ဝေါက်ငန်း၍ ပြောသည်။ မည်သူကမှ မဖြေရဲဘဲ အသံတိတ်သွားသည်။

ဖြတ်ဖြတ်ဟု အသံကျယ်ကျယ် ထွက်လာသည်။ ဦးအုန်းခင်က လှန်ထားသော ဒူးကို သံမှန်ပုတ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းက မျက်လုံးပြူးကာ ဦးအုန်းခင်အား ဦးတည်၍မေး၏။ "ခင်ဗျားကကော ဘာများ မေးချင်တာလဲ"

ဦးအုန်းခင်က ဒူးကို ဆက်ပုတ်ရင်း ဖြေသည်။ ဗိုလ်ချုပ်ကြီးဟုပင်မခေါ် "ဗိုလ်နေဝင်း ... ကျုပ်တို့မှာ ဘာမှ မေးစရာမရှိဘူး။ ခင်ဗျားတို့စစ်တပ်က ပြောစရာရှိတယ်ဆိုပြီး ဖိတ်တာလေ။ ကျုပ်တို့မှာ အချိန်ကုန်လှပြီ။ ပြောစရာရှိရင် ပြောပါ။ မရှိရင် ပြန်မယ်"

ဗိုလ်နေဝင်းသည် ဝုန်းကနဲ ထိုင်ရာမှထကာ ဦးအုန်းခင်အား စေ့စေ့ကြည့်သည်။ ဦးအုန်းခင်က တဖြတ်ဖြတ် ဒူးပုတ်ရင်း ပြန်ကြည့်သည်။

သူတို့ ရင်ဆိုင်နေကြသည်မှာ မိနစ်အနည်းငယ်ပင် ကြာ၏။

နောက်ဆုံးတွင် စင်မြင့်ပေါ်မှ စစ်ဗိုလ်ကြီးက အရှုံးပေးရသည်။ စင်မြင့်ပေါ်မှ လျှင်မြန်စွာ ဆင်းပြေးရသည်။ ဒူးပုတ်သံသည်သာ တဖျပ်ဖျပ် ကျန်ရစ်သည်။

ဗိုလ်နေဝင်း စစ်ရုံးတွင်းမှ ထွက်သွားသည်ကို တပည့်စစ်ဗိုလ်များကလည်း ကြောင်းကျိုးရှင်းမပြနိုင်ဘဲ တပ်မတော်၏ သတင်းစာရှင်းလင်းပွဲကြီး ပွဲပျက်သွားရတော့သည်။

ထိုပွဲသည် ဗိုလ်နေဝင်း၏ ပထမဆုံးနှင့် နောက်ဆုံး သတင်းစာရှင်းလင်းပွဲပင်တည်း။

ထိုပွဲနောက်တွင် ဗိုလ်နေဝင်းသည် သတင်းစာရှင်းလင်းပွဲ မလုပ်ဝံ့ရှာတော့ပြီ။

ဦးအုန်းခင်သည် သတ္တိကောင်းသည့်ပြင် အကြံဉာဏ်ကောင်းသည်။ တချိန်တွင် ပုန်းနေသည့် သခင်စိုးတို့အားဖမ်းရန် ပုလိပ်တို့က ရွှေတိဂုံစေတီပရိဝုဏ်ကို ဝိုင်းထားသဖြင့် ပြေးပေါက်မရှိဖြစ်နေစဉ် "စိုးကြီး သီလရှင်ဟန်

# ၁၉၄၈ ခု မတ်လ ၁၂ ရက်နေ့က ဖဆပလ အစိုးရ ဆိုရှယ်လစ်တစုက သတင်းစာတိုက် ၃ ခုကို ချိုးရိုက်ဖျက်ဆီးခဲ့သဖြင့် သတင်းစာတို့နှင့် ကျေအေးရန် ပြန်ကြားဝန်ကြီးခန့်ကာ ---

ရုပ်ဖျက်၍ ဆင်းသွားပြီ''ဟု ဗမာ့ခေတ်မှ သတင်းမှားရေးကာကူ၏။ သတင်းအရ ပုလိပ်တို့တပ်ရုပ်မှ စိုးတို့ ပြေးပေါက်ပွင့်ခဲ့ရသည်။

စာရေးလည်းကောင်းသည်။ ဆရာ ရွှေတိုင်ညွန့်၏ နဂါးနီတေးမှ မြန်မာတပြည်လုံး ဘဝင်ကိုထိစေမည့် နိုင်ငံရေးသြဇာ အကြီးဆုံးဖြစ်သော စာသားတို့သည် ဦးအုန်းခင် နှင့် သခင်နုတို့၏ လက်သံများ ဖြစ်ကြသည်။

မွဲတဲ့သူ လူ့ဒါန်နိုင်မည်၊ ကျောင်းဆောက်ကာ ဘုရားပါတည် ...
ဘိုးဘိုးအောင်နဲ့ ရှင်အဇ္ဇဂေါဏ မတွဲ ကိန်းဆိုက်မည် ... ...
ဘာသာရောင် ... သာသာနာရောင် ... ထွန်းလင်းပြောင်မည် ...
လူမွဲတွေက မနေး ခေတ်မီ သူဌေးဖြစ်တော့မည် ...
နဂါးနီတန်ခိုးနဲ့ အမျိုးဂုဏ်တက်စေမည် ...

သတင်းစာဆရာအများတို့သည် ရန်သူကိုထိုးနှက်ရာတွင် ဆောင်ပုဒ်တခုကို အပိုင်ယူ၍ ရေးသားကြသည်။

ထွန်း နေ့စဉ်သတင်းစာ အယ်ဒီတာကြီး ဦးထွန်းဖေကမူ စွပ်စွဲချက်ဆောင်ပုဒ်တခုနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ကို ထိုးနှက်ခဲ့သည်။ ဦးထွန်းဖေသည် မူလက ဟံသာဝတီသတင်းစာ အယ်ဒီတာနှင့် သတင်းစာဆရာအသင်း ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ၁၉၄၈ ခု မတ်လ ၁၂ ရက်နေ့က ဖဆပလ အစိုးရ ဆိုရှယ်လစ်တစုက သတင်းစာတိုက် ၃ ခုကို ချိုးရိုက်ဖျက်ဆီးခဲ့သဖြင့် သတင်းစာတို့နှင့် ကျေအေးရန် ပြန်ကြားဝန်ကြီးခန့်ကာ သူကောင်းပြုခဲ့သည်။ ဖဆပလအစိုးရ ဝန်ကြီးအဖွဲ့၌ ၄ နှစ်ခန့် ဆောင်ရွက်ပြီးနောက် ဝန်ကြီးချုပ် ဦးနုသည် အာဏာရှင်ဆန်သည်ဟု ကြေညာကာ ရာထူးမှထွက်ပြီး ၁၉၅၃ ခုနှစ်တွင် ထွန်း နေ့စဉ်ကို ထုတ်ကာ တိုက်ခိုက်သည်။ သူ၏ သတင်းစာတွင် ဦးနု သတင်းရေးတိုင်း ''ဘဝရှင်မင်းတရားကြီး'' ဟု ဝိသေသနနှင့် ထိုးနှက်၏။

မြန်မာသတင်းစာလောကတွင် မထိတထိ ကလိသော သတင်းခေါင်းစဉ်တပ်နည်း၊ သတင်းရေးနည်းကို ဦးအုံးမြင့်က ဗမာ့ခေတ် အယ်ဒီတာဘဝတွင် စတင်တီထွင်ခဲ့သည်။ ။ ❑



## အာစရိအဆူဆူ (၂)

**ကြေးမုံဦးသောင်း**
ဧပြီ ၈၊ ၂၀၀၇

**(၁၉၄၇ ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့က သတင်းထောက် ရာထူးရရှိ၍ နှစ်ပေါင်း ၆၀ ဆက်တိုက် စာပေဝန်ထမ်းစဉ် ပညာရင်နို့သောက်စို့ခဲ့ရသော ဆရာ့ ဆရာများ)**

အယ်ဒီတာ ဦးညိုမြသည် သတင်းစာလောက မရောက်မီကပင် ကလောင်ထက်ခဲ့သူ ဖြစ်၏။ တက္ကသိုလ်ကျောင်းသားဘဝက သမဂ္ဂအာဘော် အိုးဝေမဂ္ဂဇင်း၌ "ငရဲခွေးကြီး လွှတ်နေပြီ" ဟု ကျောင်းအာဏာပိုင်များအား သရော်စာရေးခဲ့သဖြင့် ကျောင်းသားများ လှုပ်ရှားမှု အရေးတော်ပုံကြီး ပေါ်ခဲ့သည်။

တက္ကသိုလ်ကျောင်းအုပ်ကြီးကို ဦးတည်၍ သရော်သော ထိုဆောင်းပါးကို သမဂ္ဂ အာဘော် မဂ္ဂဇင်း၌ဖော်ပြသောအခါ ကျောင်းသား မောင်သိန်းတင်ရေးသည်ဟု သိရှိပါလျက် မည်သူရေး သနည်းဟု အာဏာပိုင်တို့က စစ်မေးသည်။ ဥက္ကဋ္ဌ ကိုအောင်ဆန်းက ကလောင်ရှင်၏ အမည်ကို မဖြေသဖြင့် ကျောင်းထုတ်သောကြောင့် သပိတ်မှောက်ကြသည်။ ထိုမှ ကျောင်းသားတိုက်ပွဲ၊ အလုပ်သမားတိုက်ပွဲ၊ လယ်သမားတိုက်ပွဲတို့ ဆက်တိုက် ဆင်ကြသဖြင့် သူ၏ စာသည် လွတ်လပ်ရေး တိုက်ပွဲများ၏ ပဏာမ ဖြစ်လာခဲ့သည်။

သူ့၏ ကလောင်ကိုမူ အင်္ဂလိပ်အစိုးရက ဖိနှိပ်မှုမပြုဘဲ သူ့အား နိုင်ငံခြားသို့ ပညာသင်ဆုပင် ပေး၏။ အမေရိကန် ချီကာဂိုမြို့ အနောက်မြောက်တက္ကသိုလ်မှ သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ ရခဲ့၏။ မြန်မာထဲမှ ပထမဆုံး ခေတ်မီပညာတတ် ဖြစ်လာ၏။

ရန်ကုန် ပြန်လာသောအခါ ဆရာဇဝန၏ ဇဝန သတင်းစာနှင့်ပေါင်းကာ တဘာသာ ထူးခြားသော သတင်းစာ 'အိုးဝေ' ကို တည်ထောင်ခဲ့သည်။ ဆရာဇဝနကဲ့သို့ပင် ဟာသပြောင်သော ဆောင်းပါးများ ရေးခဲ့သည်။

အိုးဝေသည် လူတို့သိက္ခာကို လေးစားသော သတင်းစာ ဖြစ်သည်။ တစုံတဦး၏ ဂုဏ်သရေကို ထိပါးစေသော သတင်းရေးမိလျှင် ထိုပုဂ္ဂိုလ်အား ကန်တော့ပွဲ၊ အုံးပွဲနှင့် လူသိရှင်ကြားကန်တော့၍ တောင်းပန်လေ့ရှိသည်။

မုံရွာနယ်သား ဦးညိုမြသည် မြန်မာ့ရှေးရိုးစဉ်လာဓလေ့ထုံးစံကို ယုံကြည်သူဖြစ်၏။ နတ်ပွဲများကိုလည်း နှစ်စဉ် ကျင်းပပူဇော်လေ့ရှိသည်။ မသေမီတွင် "ကိုယ့်လူတို့ရယ် မန်း ဦးပိန်တံတားမှာ ကိုယ့်အတွက် နတ်ကွန်းတခု ဆောက်ကြပါ။ နောင်လာနောင်သားတွေအဖို့ လူစွမ်းကောင်း ဗျတ်ဝိ ဗျတ္တတို့လို စာပေလူစွမ်းကောင်းအဖြစ် ပူဇော်ပသနိုင်တာပေါ့" ဟု မှာခဲ့ရှာ၏။

လူသားတို့ သိက္ခာတန်ဖိုးကို ကောင်းစွာ သိရှာသည်။ တကြိမ်တွင် ရန်ကုန် မျက်နှာကြီးလောကမှ ပုဂ္ဂိုလ်ကြီးတချို့သည် ဗုဒ္ဓဘာသာဓမ္မသတ်အရ အပိုမယား ယူနိုင်သည်ဟု ကြေညာကာ တရားဥပဒေဝင် မယားပြိုင် လက်ထပ်ပွဲများ ကျင်းပကြသည်။ တက္ကသိုလ်ကျောင်းအုပ်ကြီးတဦးသည်ပင် ဆင်းရဲသော မိဘတို့ကို အသပြာကန်တော့၍ သတို့သမီးငယ်ကို တောင်းခံပြီး လက်ထပ်သည်။

ထိုပွဲတော်ကြီးတွင် အိုးဝေအယ်ဒီတာချုပ်ကြီး ဦးညိုမြလည်း "ငါ့ဝမ်းပူဆာ မနေသာ" ဟု ဆိုကာ ဒလဘက်မှ သတို့သမီးငယ်ကလေးတဦးကို မိဘများထံမှ တောင်းပန်၍ လက်ထပ်ခဲ့သည်။ တိုးတိုးတိတ်တိတ် လက်ထပ်ပွဲကို သတင်းထောက်တဦးက အနံ့ရသဖြင့် လိုက်သွားပြီး ဓာတ်ပုံရိုက်သည်ကိုခံရသည်။ သတို့သားကြီးသည် မင်္ဂလာပွဲမှဖယ်ခွာ၍ သတင်းစာအယ်ဒီတာထံ အမြန်ရောက်လာသည်။ ရန်ကုန်တက္ကသိုလ် သတင်းစာပညာသင်တန်း ပါမောက္ခကြီးဖြစ်ခဲ့သူ ဆရာကြီးက တပည့်အယ်ဒီတာအား သက်သက်ညှာညှာ ရေးပါဟု တောင်းပန်သည်။

တပည့်အယ်ဒီတာက ဆရာကြီးရဲ့သတင်းကို ဆရာကြီးပဲ ကြိုက်သလိုရေးပေးပါဟု ခွင့်ပေးသည်။ နံနက် ၈ နာရီ မင်္ဂလာပွဲကို ကျောခိုင်းပြီး သတင်းစာတိုက်သို့ ၉ နာရီ ရောက်လာချိန်မှ ညနေ ၅ နာရီ အထိ သူ၏ ဖြစ်ရပ် သတင်းကို ထိုင်ရေးရှာသည်။ ဆေးပေါ့လိပ်တထုပ် လက်ဖက်ရည်ချိုခါး တခွက်ပြီးတခွက် သောက်ရင်း သတင်းရေးရှာသည်။ နောက်ဆုံးတွင် နေဝင်ပြီဖြစ်သဖြင့် "မင်းတို့ ကြိုက်သလို ရေးကြပါကွာလို့" လက်လျှော့ကာ မင်္ဂလာမဏ္ဍပ်သို့ ပြန်သွားရှာသည်။

**ဖဆပလအဖွဲ့ခေါင်းဆောင်**
**ဦးအောင်ဆန်းက**
**သတင်းစာရေးသားကြပုံကို**
**မကျေနပ်သဖြင့်**
**သတင်းစာတွေက ဆိတ်လဖိလို**
**ဟိုပေါင်ကပ်၊ ဒီပေါင်ကပ်နှင့်ဟု**
**မိန့်ခွန်းပေးသည်။**

တချိန်တွင် ဖဆပလအဖွဲ့ခေါင်းဆောင် ဦးအောင်ဆန်းက သတင်းစာ ရေးသားကြပုံကို မကျေနပ်သဖြင့် "သတင်းစာတွေက ဆိတ်လဖိလို ဟိုပေါင်ကပ်၊ ဒီပေါင်ကပ်နှင့်" ဟု မိန့်ခွန်းပေးသည်။ "ဟကောင် ... အောင်ဆန်းရဲ့၊ တို့သတင်းစာတွေက ပေါင်မကပ်လျှင် အားလုံး ဒုက္ခရောက်နေမှာပေါ့ကွ" ဟု နိဒါန်းပျိုး၍

ဆိတ်လဖိုင်ဒိုကာ ဆောင်းပါးရှည်ကြီးနှင့် ပြန်ရေးသည်။ အမျိုးသား ခေါင်းဆောင် ဦးအောင်ဆန်းကို သူငယ်ချင်းပြော စကားများနှင့် သရော်သည်ကို ပရိသတ်က ကောင်းချီးပေးကြ၏။

ဗိုလ်ချုပ်အောင်ဆန်း၊ ဘုရင်ခံ ဟူးဘတ် ရန့်စ်၊ အလံနီသခင်စိုး၊ ဂဠုန်ဦးစော စသည် သားကောင်များကို ပြောင်မြောက်ရဲဝံ့စွာ ထိုးနက်ခဲ့သော ချွန်မြသော ကလောင်ကြီးသည် မိမိရင်ဘတ်ကို မိမိဖာသာထိုး၍ မရသည်ကို တသက်လုံး မကျေနပ်ဟု သူက ဝမ်းနည်းပမ်းနည်း ပြောညည်းလေ့ရှိရှာသည်။

စစ်အစိုးရ တက်လာသည်နှင့် ပထမဆုံး ထောင်သွင်းခံရသူ များမှာ သတင်းစာ ဆရာများ ဖြစ်ကြရသည်။ ထောင်ထဲ၌ တဦးတည်း ခွဲချုပ်ခံရသော နေရှင်းဦးလောရုံကို ရေဒီယိုနားထောင်ခွင့် ပေးထားသည်။ ဦးလောရုံသိရသည့် ကမ္ဘာ့သတင်းများကို သင်္ကေတ နှင့် ရဲဘော်များသို့ ပို့ပေးသည်။ ထိုသတင်းများကို အခြေပြုကာ လက်ရေးသတင်းစာ တစောင်ကို ထုတ်ကြသည်။


ဦးညိုမြက ဗိုလ်နေဝင်း တရားဟောနေသော ပုံကြီးကို ပုံနှိပ် သတင်းစာမှညှပ်ယူကာ “မီးတွေလောင်နေပြီ။ တို့ရှို့တာ အောင်မြင် တယ်” ဟု မိန့်ခွန်းပေးနေဟန် သရော်သည်။

လက်ထပ်ပြီးစ ဒေါ်ခင်မေသန်း၏ ခါတ်ပုံကို “မြန်မာပြည်တွင် နောက်ဆုံးတွေ့သော ရေနံတွင်းကြီး” ဟု ပုံစာရေး၍ ထိမိစွာ လှောင် သည်။

ဦးညိုမြသည် ဦးနု ဦးစီးသော ပထစ အဖွဲ့ဝင်ကာ ဇာတိ မုံရွာ ဘက်မှ ရွေးကောက်ပွဲဝင်ရာ လူထုက လက်ခံအားပေး၍ ရွေး ကောက်တင်မြှောက်ကြသဖြင့် အမတ်မင်းတဦးလည်း ဖြစ်လာ သည်။ သူစကားပြောလျှင် တလုံးပြီးမှ တလုံး ဖြေးလေးစွာ ပြောလေ့ ရှိသည်။ ‘စကား တလုံးနှင့် တလုံး ကြိုးတည အိပ်ပျော်ရသည်’ ဟု လှောင်ကြစေကာမူ သူ၏ လွှတ်တော် မိန့်ခွန်းများသည် ပညာသား ပါသည်။

ကဗျာဉာဏ်လည်း ပွင့်လန်းသူ ဖြစ်သည်။ သူ၏ ကဗျာတို့ သည် ရွာသားသုံး ကျေးရွာပြော စကားလုံးများကို ကာရန်သွင်း ထားသဖြင့် ထိ မိ လှပ၏။

နောက်ပိုးတွေ များပြားလို့
မျက်စိများ ရှုပ်ပွေ ...
မန်းခင်ကြောင့်လေ။ ။
သူ သေလျှင် ...
နတ်ပြေမှာ နတ်တွေ ရူးမယ်
ထူးတဲ့ သူ့စန်း။ ။ ❑



## ဟဲလို ... မြန်မာ့အလင်း (၂)

**တယ်လီဖုန်းဆက်သူ – အောင်ဇလ**

ဧပြီ ၁၆၊ ၂၀၀၇

**"ဟဲလို ဟဲလို ဟဲလို မြန်မာ့အလင်းကလားဗျာ ... အယ်ဒီတာနဲ့ စကားပြောပါရစေ ..."**

"ဟုတ်ကဲ့ ပြောပါခင်ဗျာ ... အသံကို မှတ်မိပါတယ်။ အမေရိကန်က ပြည်ပြေးကြီး ဆရာ အောင်ဇလ အသံပါလား ပြောပါ ပြောပါ"

**"ခင်ဗျား မှားနေပါလား။ ပြည်ပြေးမဟုတ်ပါဘူး ... ပြည်နှင်ခံ စာရေးဆရာပါ"**

"ထားပါလေ ထားပါ။ နိုင်ငံတော်အစိုးရက နားဖွင့်ထားရမယ်လို့ ညွှန်ကြားထားပါတယ် ပြောသမျှကို လေးလေးနက်နက် နားထောင်ပါမယ်။ ဒါထက် ဆရာ့အသံကြီးက အက်တက် ပါလား။ အအေးမိလို့လား"

**"သကြံန်ကျပြီလေ။ အသက်ကြီးပေမယ့် အကွက်ကောင်းတော့ ဝင်ပြီး အော်မိတာပေါ့။ ချုပ်မှူးကြီးကစပြီး စကော်ပူသွားပြီး ဆေးကုတော့ ...**

**ဆေးကုသွားတိုင်း လမ်းကြိုနေ**

**ကတော်ကြီးတွေ စိန်ဝယ်ထွက်ကြ ... တဲ့ ကာရန် မလှဘူးလား။**

**အသံအကျယ်ဆုံးသံချပ်ကတော့ ဒီပဲယင်းမှာ အရပ်သားနှစ်ရာကျော်သတ်မှုကြီးပေါ့ ...**

**ကုလသမဂ္ဂကြီးက ဖမ်းတဲ့အခါ ...**

**မှန်ရာကိုသာ ဖြောင့်ချက်ပေးကြ၊**

**စီရင်ချက်ကြီး ချလိမ့်မှာ ...**

**သေဒဏ်သည်သာ မုချ မုချ တဲ့ မနိပ်ဘူးလား။ ဒါဟာ အတိတ်နိမိတ်ဗျ"**

“ခင်ဗျားတို့ ဘယ်လိုပဲ သံချပ်ထိုးပေမယ့် နိမိတ် မဖြစ်နိုင်ပါဘူး။ အမေရိကန် ဂျပန် ရောက် နေကြတဲ့ ဗမာပြည်ပြေးတွေက သူတို့ရောက် ရာဒေသ ရုံးပိတ်ရက်မှာ ကျင်းပကြတော့ တရားမဝင်ဘူး။ ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၆၇ ခု မှ ၁၃၆၈ သို့ ကူးတဲ့ သင်္ကြန်ပွဲက ဧပြီလ ၁၃ ရက်နေ့မှာ သိကြားမင်းကြီး လူပြည် ဆင်းမှ အခါတော် ကျတာ”

**“အယ်ဒီတာချုပ်ကြီးရဲ့အသံက တယ်ဖြိုး စာပါကလား…။ ကျွန်တော် ခင်ဗျားကို နေပြည်တော် သင်္ကြန်ပွဲက ဖိတ်စာရထားတယ် ထင်ပါတယ်”**

“ဒါပေ့ါ ဒါပေ့ါ သင်္ကြန်မီ နေပြည်တော် သွားမယ်လေ။ ရန်ကုန်မှာက ပူလွန်းတယ်။ အရပ်ထဲမှာ မီးမရှိ ရေမရှိ နေကြရတာ။ အခု အလုပ်ရုံးမှာ ရုံးလုလင်ကစပြီး မှန်မှန်လာကြ တယ်။ တပ်နယ်မြေရယ်၊ ရဲဌာနရယ်၊ သတင်းစာ တိုက်ရယ်ပါ အမြဲလျှပ်စစ် ဓာတ်အား ရတယ်။ အဲယားကွန်းရှိတယ်လေ။ အဲ အဲ ပျဉ်းမနားမှာ လည်း လျှပ်စစ်အမြဲရတော့ ဧည့်ရိပ်သာတွေမှာ အဲယားကွန်းတွေ အမြဲရှိတယ်”

**“အင်း အင်း … ဇိမ်ပါပဲလား”**

“ဇိမ်ပေ့ါဗျ။ စောစောက သင်္ကြန် ဆယ် ရက်ကျမယ်ဆိုလို့။ … မိန်းမက သူပါလိုက်ရ အောင် ပြောပေးပါဆိုနေတာ။ အခုတော့ ပြင် လိုက်တယ် ငါးရက်ထဲ သင်္ကြန်ကျမှာ တဲ့။”

**“သင်္ကြန်ဆိုတာ ကျချင်တိုင်း ကျလို့ရတာ မဟုတ်ဘူး။ ပြက္ခဒိန်တော် ဆက်အဖွဲ့က တွက်ချက်ပြီး ကျင်းပရတာ”**

“နိုင်ငံတခုမှာ အကြီးအကဲက အာဏာ အရှိဆုံးဆိုတော့ နအဖဥက္ကဋ္ဌကြီးက သင်္ကြန် တော်ကျစေလို့ အမိန့်ပေးနိုင်မှာပေ့ါ”

**“ကုန်းဘောင်မင်းများခေတ်ကတော့ ရှင်ဘုရင် က သင်္ကြန်ကို ထင်သလို ကျခွင့်မပြုဘူး။ သင်္ကြန်ကို ထင်သလိုစိတ်ကြိုက်ကျင်းပတဲ့ ဘုရင်ဟာ အရူးတဲ့။ မြန်မာရာဇဝင်မှာ သာယာဝတီမင်းနှင့် ပုဂံမင်းတို့သည် နိုင်ငံကိုအုပ်ချုပ်နေရင်း ရူးသွပ်သွားကြသဖြင့် နန်းမှ ချရသည့် ‘ထုံး’ ရှိတယ်လို့ ပုဂံဝန်ထောက်မင်း ဦးတင် ပြုစုသော မြန်မာမင်းတို့အုပ်ချုပ်ပုံ စာတမ်းကျမ်းမှာ ရေးခဲ့တယ်”**

**ခရစ်နှစ် ၁၈၃၇ မှ ၁၈၄၆ အထိ ၉ နှစ် နန်းစံ သော သာယာဝတီမင်းနှင့် ၁၈၄၆ မှ ၁၈၅၃ ထိ ၇ နှစ် နန်းစံသူ ပုဂံမင်းတို့သည် ပုလ္လင်ပေါ်၌ နန်းစံရင်း ရူးသွပ် သွားကြတယ်။ ပုဂံမင်းက အပျော်မက်လို့ သင်္ကြန်ပွဲ တော်ကို ၄၂ ရက် ဆက်တိုက်ကျင်းပတာကြောင့် ဘုရင်တော့ ရူးရှာပြီလို့ ဆုံးဖြတ်ပြီး ဖြုတ်ချတယ်၊ ထောင်သွင်းတယ်လို့ သမိုင်းကဆိုတယ်ဗျ”**

“ဟဲ ဟဲ ဒီလိုဆိုတော့ ရှင်ဘုရင်ရူးတာ နိုင်ငံသားတွေ ဇိမ်ကျတာပေ့ါ။ ဟဲ ဟဲ ကျနော် ပြောတယ်လို့ မရေးနဲ့နော်”

**“စိတ်ချပါ မရေးပါဘူး။ ဒီနေ့ ခင်ဗျားကို ဖုန်းဆက်တာ စင်္ကာပူ နိုင်ငံခြားရေးဝန်ကြီး ဂျော့ရိုးက နှစ်ပြည်ထောင် စီးပွားရေးတိုးချဲ့မယ် ဆိုတာကို သိချင်လို့ပါ”**

ဒါပေ့ါ ဒါပေ့ါ သင်္ကြန်မီ
နေပြည်တော်သွားမယ်လေ။
ရန်ကုန်မှာက ပူလွန်းတယ်။
အရပ်ထဲမှာ မီးမရှိ ရေမရှိ
နေကြရတာ၊ အခု အလုပ်ရုံးမှာ
ရုံးလုလင်ကစပြီး
မှန်မှန်လာကြတယ်။
တပ်နယ်မြေရယ်၊ ရဲဌာနရယ်၊
သတင်းစာတိုက်ရယ်ပါ
အမြဲလျှပ်စစ် ဓာတ်အားရတယ်။
အဲယားကွန်းရှိတယ်လေ ---

“စက်ဴာပူနဲ့ စီးပွားရေးတိုးချဲ့တာကိုတော့ ဆရာတို့ အတိုက်အခံတွေက ဝေဖန်ပြစ်တင်လို့ မရပါဘူး။ ချုပ်မှူးကြီးနဲ့ ဗိုလ်ချုပ်ကြီးတွေ တကယ့်ကို တော်ကြပါတယ်။ ခင်ဗျားတို့ကပါ ချီးကျူးလောက်အောင် တော်ကြပါတယ်။ စက်ဴာပူက မြန်မာသဲတွေ ဝယ်မယ်ဗျ။ ဗိုလ်ချုပ်မှူးကြီးတွေက အလကားလှူင့်ပစ်ရတဲ့သဲကို ရောင်းရတယ်ဆိုတော့ တော်ပေတာပေ့ါ။ အင်္ဂလိပ် အမေရိကန် စီးပွားရေးပါရဂူတွေထက် သာပေတာပေ့ါ”

**“အင်း … ဒီလိုဆိုရင် စက်ဴာပူကျွန်းကြီးကို မြန်မာသဲနဲ့ ချဲ့ဖို့ စီမံဟန်တူပါရဲ့။ မြန်မာပြည် နယ်နိမိတ် ကျဉ်းမသွားပေဘူးလား”**

“ဘာပဲဖြစ်ဖြစ်။ သဲကို ရွှေဖြစ်အောင် နိုင်ငံခြားသုံးငွေဖြစ်အောင် ရောင်းနိုင်တာက ဒီကမ္ဘာမှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တယောက် ထဲရှိတယ်ဆိုတာ ခင်ဗျားတို့ မငြင်းနိုင်ပါဘူး။ ချီးကျူးထိုက်သူကို ချီးကျူးပါဗျာ”

**“ကျုပ်ကတော့ စိတ်ပူတတ်တယ်ဗျို့။ ချုပ်မှူးကြီးသန်းရွှေက ဗိုလ်ချုပ်ကြီးနေဝင်းကို ကာပြန်စော်ကားခဲ့တဲ့ ဝင့်ပြန်ပြီးလည်မှာကို စိုးရိမ်တယ်”**

“သဲရောင်းတာနဲ့ မဆလခေတ်နဲ့ ဘာဆိုင်လို့လဲဗျ။”

**“ဆိုင်ပါသော်ကောဗျာ။ သဲတွေရောင်းလို့ ဗမာပြည်မှာ သဲကုန်သွားလျှင် … ခင်ဗျားတို့ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နတ်ရွာ … ယောင်လို့ယောင်လို့ မာလက ဈာန်ကြွပြီး အဝီစိသို့သွားတဲ့အခါမှာ မြှုပ်နှံဖို့သဲမရှိတော့ရင် သွားလေသူကြီးလို ရေမျှောပြီး ငါးစာကြွေးခံရမယ်လေ … ဟဲလို ဟဲလို …”**

တယ်လီဖုန်းလိုင်း ပြတ်သွားပြန်ပါလား။ ။ ❑

**သရုပ်ဖော် ပန်းချီ – မောင်ရစ်**



## အာစရိအဆူဆူ (၃)

ကြေး မုံ ဦး သော င်း

ဇူ ၉၊ ၂၀၀၇

(၁၉၄၇ ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့က သတင်းထောက် ရာထူးရရှိ၍ နှစ်ပေါင်း ၆၀ ဆက်တိုက် စာပေဝန်ထမ်းစဉ် ပညာရင်နို့သောက်စို့ခဲ့ရသော ဆရာ့ ဆရာများ)

**ဆရာမောင်ထင်**

သတ္တိဆို ဘာမရှိသော်လည်း၊
မိုက်ပါဘိ ငါ့ကိုယ်။ ။
ခွေးမှန်လျှင် လူ မမှတ်ပါဘူး၊
ရိုက်တတ်သူ ဗိုလ်။ ။
မူးတယ်ပေ့ ရဲရင့်ဆို၊
မအေကို ကော်ဆဲ။ ။
လက်ထိတ်ကို အဖော်ထားတဲ့၊
တောသားတဲ့ပဲ။ ။

ဆရာမောင်ထင်သည် သူရေးခဲ့သည့် မြို့အုပ်မင်းဆို ဘုံရုံကဗျာတပုဒ်အတိုင်း စာရေးဆရာလူမိုက်ကြီး ဖြစ်သည်။ ပညာက ကြီးလှသဖြင့် မည်သူ့ကိုမဆို ထိုသူ၏ အထက်မှ ခေါင်းငုံ့၍သာ ကြည့်လေ့ရှိသူဖြစ်သည်။ သာမန်အသိမိတ်ဆွေများအဖို့ မသိသာ။ စာပေကိစ္စနှင့် ဆက်ဆံသူများကိုမူ ဆရာက အထက်စီးနှင့်သာ ဆက်ဆံလေ့ရှိသဖြင့် ဆရာ့အပေါ် နာလိုခံခက်ဖြစ်နေရသူများ ရှိခဲ့သည်။ တင်မောင်တယောက်မှာ ဆရာက ရိုက်နှက်ဆုံးမသော ကြိမ်ဒဏ်ကို ကျောကုန်း၍ ခံရရှာသူများစာရင်း၌ ထိပ်ဆုံးမှ နေရာကို ရရှိခဲ့ရှာ၏။

အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန အရာရှိကြီး ဦးထင်ဖတ်သည် ဗမာ့ခေတ်နှင့် ခြံချင်းကပ်နေသည့် ဝင်းသို့ ပြောင်းလာသည်။ ဆွေရိပ်မျိုးရိပ်မကင်းသော ဆရာကတော်က ထမင်းဟင်းချက်ကောင်းလှပြီး စေတနာကြီးသဖြင့် တင်မောင်သည် စားသောက်ချိန်တိုင်းလိုလို သွားရောက်မိသော ကပ်စားတယောက် ဖြစ်လာခဲ့သည်။ ထိုစဉ်က သတင်းထောက်မှတဆင့် အယ်ဒီတာ စာရေးဆရာပေါက်စနဘဝသို့ လှမ်းနေသူ တင်မောင်အဖို့ ဆရာ၏ ဝေဖန်ပြစ်တင်ဆုံးမမှုကို ပြင်းထန်စွာ ခံခဲ့ရသည်။

တင်မောင် ရေးသမျှ စာတို့၏ အကြောင်းအရာ၊ ဖွဲ့သီမှုနှင့် ကာရန်သာမက သတ်ပုံညံ့ဖျင်းသည်ကစ၍ ဆရာကဆူသည်ကို ခေါင်းငုံ့၍ခံခဲ့ရသည်။ ဆရာအား ခုခံငြင်းဆိုရန် အခြေခံမပြည့်သဖြင့် ဆရာ ဝေဖန်မှုများကို အမြဲတစေ ကြည်သာစွာ ပြုံးရွှင်စွာမှတ်သားနာယူလေ့ရှိသည်ကိုပင် “ရုပ်ကိုကစပ်ဖြီးဖြီးနဲ့ အညာသား” ဟု ဥပမိရုပ်ကိုပင် ဆရာ သရော်လေ့ရှိ၏။

ဆရာကမည်သို့ဆိုစေကာမူ အန္တေဝါသိကတပည့်ကလေးတင်မောင်က ဆရာ၏ စာများကို များများဖတ်လိုသည်။ ဆရာ စာများများ ရေးဖြစ်စေလိုသဖြင့် ကြိုလေတိုင်း စာပေအောင်သွယ်လုပ်မိသည်။ စာပေလောကတွင် အရှိန်အဟုန်ကြီးစွာ တက်လာသော ရှုမဝမဂ္ဂဇင်းတွင် ဆရာ၏စာများကို ပုံနှိပ်ရန် ကမ်းလှမ်းသောအခါ အယ်ဒီတာ ဦးကျော်က “မောင်ထင်ရဲ့စာကို ကျနော် အလွန်ကြိုက်ပါတယ်” ဟု စကားရသည်။

ဆရာအား တင်ပြသောအခါ ဆရာက စာတပုဒ် ရေးသည်။ ဦးကျော်က ဆရာကို ဖူးမြော်လိုသဖြင့် လက်ဖက်ရည်ပွဲနှင့် ဧည့်ခံပါရစေဟု ဖိတ်သဖြင့် ဆရာနှင့်အတူ ကပ်စားတပည့်ပါ နှစ်ယောက်သား ဗိုလ်ချုပ်ဈေး ရှုမဝတိုက်သို့ သွားကြသည်။ ရှုမဝတိုက်တွင်းဝင်မိသည်နှင့် ဆရာက နှာခေါင်းရှုံ့သည်ကို သတိပြုမိသဖြင့် တင်မောင်မှာ မနေတတ်မထိုင်တတ် ဖြစ်မိရှာ၏။

စားပွဲတွင် စာပြင်နေသော ဦးကျော်က “ကြွပါ ထိုင်ပါ” ဟု ပျူငှာစွာ ဖိတ်သည်။ ဆရာက ဦးကျော်အား မျက်နှာကို စေ့စေ့ကြည့်ပြီး “ရှုမဝမဂ္ဂဇင်းတိုက်ဆိုပြီး ဆိုင်းဘုတ်ကလေးက ငယ်ငယ်လေးပါလား။ မြပိုးထည်တိုက်ကို ကပ်ဖွင့်ရတာပါလား” ဟု မေးသည်။

“ပုံနှိပ်စက်က အောက်ထပ်မှာ ထားပါတယ်။ စာစီခန်းက အထက်ထပ်မှာပါ” ဟု ဦးကျော်က ရိုသေစွာ ဖြေရှာသည်။ မည်သို့ဖြေသည်ဖြစ်စေ၊ ဆရာက သူ၏ ဝသီအတိုင်း ဆရာက ဦးကျော်အား ဆက်တိုက်ဝေဖန်တော့သည်။

“ကျုပ်က စာရေးဆရာပါ။ မြင်တာနဲ့ သိပါတယ်။ ခင်ဗျားက ပိုးထည်ဆိုင်က မဂ္ဂဇင်းထုတ်တာဆိုတော့ ခင်ဗျားက ပိုးထည်ပညာ ရက်ကန်းပညာမှာ ထူးချွန်ပါလိမ့်မယ်။ ဒါပေမယ့် စာပေရေးရာတော့ နားလည်ဟန် မတူပါဘူး။ ကျုပ်စာအကြောင်းလည်း နားမလည်ပါဘူး။ ကျုပ်စာက (တင်မောင်အား လက်ညှိုးထိုး၍) ဒီကောင်လို ခုမှ သင်ပုန်းကြီးတက်နေတဲ့ စာရေးဆရာနဲ့ နှိုင်းယှဉ်လို့ မဖြစ်ဘူး”

**တင်မောင်ရေးသမျှ စာတို့၏ အကြောင်းအရာ၊ ဖွဲ့သီမှုနှင့် ကာရန်သာမက သတ်ပုံညံ့ဖျင်းသည်ကစ၍ ဆရာကဆူသည်ကို ခေါင်းငုံ့၍ ခံခဲ့ရသည်။ ဆရာအား ခုခံငြင်းဆိုရန် အခြေခံ မပြည့်သဖြင့် ဆရာ ဝေဖန်မှုများကို အမြဲတစေ ကြည်သာစွာ ပြုံးရွှင်စွာ မှတ်သားနာယူလေ့ရှိသည်ကိုပင် ရုပ်ကိုကစပ်ဖြီးဖြီးနဲ့ အညာသားဟု**

ဦးကျော်က မျက်နှာသေကလေးနှင့် "မှန်ပါတယ်ဆရာ" ဟု ခေါင်းငုံ့ဝန်ခံသည်ကိုလည်း ဆရာကလက်မခံ။ သို့သော် ဆရာက ပြန်လျှော့သည်။ လေချိုသွေးသည်၊ အထက်စီးနှင့် ...

"ကျုပ်ပြောသမျှကို ခင်ဗျားက မှန်ပါတယ် လိုက်စရာမလိုပါဘူးလေ၊ ဟောဒီမှာ ကျုပ်စာမူ။ သေသေချာချာ ဖတ်ကြည့်ပါ။ ကျုပ်စာက တခြားစာတွေနဲ့ မတူဘူး၊ တပုဒ် တရာ တန်တယ်။ ခင်ဗျားရဲ့ မဂ္ဂဇင်းက ပေးနိုင်ရင်ပေး၊ မပေးနိုင်ရင်လည်း တပြားမှမပေးနဲ့ အခမဲ့သုံးနိုင်တယ်"

"ဆရာ့စာတန်ဖိုးကို သိပါတယ်ဆရာ" ဟု ပြော၍ ဦးကျော်က ကျပ်တရာအသင့် ထည့်ထားသော စာအိတ်ငယ်ကို သက်ကြီးဝါကြီး လူသားကို မတွေ့ဖူးသဖြင့် ပြန်၍ ဆွေးနွေးမိသည်။

ဦးကျော်သည် ဆက်လက် စာပြင်နေဆဲရှိသည်ကို တွေ့ရသည်။ ဆရာက ငြင်းခဲ့သော လက်ဖက်ရည်ပွဲကို ပြန်ယူ၍ တင်မောင်အား တိုက်ရှာသည်။

"တောင်းပန်ပါရစေ ကိုတင်မောင်ရယ်" ဟု ပဏာမပျိုးပြီး "ဆရာကြီးကိုတော့ ရှုမဝကို ဘယ်အခါမှ မပင့်ခဲ့ပါနဲ့ဗျာ။ သူ့စာတွေကိုသာ ရှုမဝက အမြဲရပါရစေ၊ ဒါပေမဲ့ သူ့စာမူတွေ ခင်ဗျားပဲ ယူခဲ့ပါ။ သူ တန်ဖိုးဖြတ်သလောက် ပေးခဲ့ပါ" ဟု မေတ္တာရပ်ရှာသည်။

ရှုမဝနှင့် ဆရာမောင်ထင်တို့ ဆက်ဆံရေးမှာ ချောမောသွားခဲ့သော်လည်း ဆရာ၏

**သားမယားကို ချစ်လှသဖြင့်**
**လယ်ယာကိုသာ ကုန်း၍လုပ်ကိုင်နေရှာသော ဘဇာ၏မိသားစုကို**
**စစ်ကြီးနှင့်အတူဝင်လာသော နယ်ချဲ့ဂျပန်စစ်တပ်က**
**ချေမှုန်းဖျက်ဆီးကြသည်ကို ကြေကွဲစွာရေးထားသည်။**
**ထိုဝတ္ထုကြီးတွင် ဂျပန်ဖက်ဆစ်တို့ထက် ဆိုးသွမ်းသော တရားခံကို**
**ဆရာက ဖွင့်ဟဖော်ထုတ်ထားသည်။**

ဆရာတော်ကြီးများကို ကပ်လှူသကဲ့သို့ ပူဇော်ရှာသည်။

သူထက်ကဲသော ရန်လိုကွဲ မဟာပညာကျော်ကြီးမှာ ထိပ်တိုက်မရှိသဖြင့် ဆက်လက်၍ တဖက်သတ် ရန်ပြုရန် မလွယ်သောကြောင့် ပြေငြိမ်းလိုက်သည်။ တပည့်ကြီး တင်မောင်အား "ငါ့ကို ကားဆိပ်လိုက်ပို့ကွာ" မိန့်ကြားသည်။ တင်မောင်က ဆရာအား ကားဆိပ်သို့ ပို့၍ ဘတ်စ်ကားပေါ် နေရာချပြီးမှ အခြေအနေကို သိရန် ရှုမဝသို့ ပြန်၍ လှည့်ခဲ့၏။

တင်မောင်သည် သူ၏ ဆရာအကြောင်း ဖန်တရာတေ သိသူဖြစ်သဖြင့် မဆန်းပါပေ။

ယခုပွဲ၌ သူ၏ တသက်တွင် ဦးကျော်ကဲ့သို့ ရဟန္တာတို့တမျှ ခန္တီပါရမီရင့်သော ပုထုဇဉ် ထူးခြားသော စရိုက်ကို ဦးကျော်နည်းတူ ဆရာ၏စာကို မြတ်နိုးသူများနှင့် အကြောင်းဆုံတိုင်း ဆွေးနွေးမိကြသည်။

'ကမ္ဘာတည်မည့် မြန်မာစာပေတပုဒ်ဖြစ်သည်' ဟု ပညာရှင်က ချီးကျူးကြသည့် ဆရာ၏ ဘဇဝတ္ထုကြီးမှ လွန်မင်းစွာ ကြီးမားသော ဒေါသအိုးကြီးကို ခွဲခြမ်းကြည့်မိကြသည်။

"ကိုယ့်ကြမ္မာကို ကိုယ်မဖန်တီးနိုင်ရှာသော ဗမာပြည်ရှိ ဘဇများသို့" ဟု ဆရာ၏ ရည်ညွှန်းချက်ကပင် နာကြည်းသံ ထွက်နေသည်။

သားမယားကို ချစ်လှသဖြင့် လယ်ယာကိုသာကုန်း၍ လုပ်ကိုင်နေရှာသော ဘဇ၏ မိသားစုကို စစ်ကြီးနှင့်အတူ ဝင်လာသော

နယ်ချဲ့ ဂျပန် စစ်တပ်က ချေမှုန်းဖျက်ဆီးကြသည်ကို ကြေကွဲစွာ ရေးထားသည်။ ထို ဝတ္ထုကြီးတွင် ဂျပန်ဖက်ဆစ်တို့ထက် ဆိုးသွမ်းသောတရားခံကို ဆရာက ဖွင့်ဟဖော်ထုတ်ထားသည်။

(တို့ဗမာ) အစည်းအရုံးသို့ ဝင်ကြေး တမတ်ပေးကာ သခင်ဖြစ်လာသူ ဖြိုးတုပ်သည် ဖက်ဆစ် ဂျပန်တို့ထက် ဆိုးယုတ်သူဖြစ်သဖြင့် ဘေမိသားစု၏ ဘဝပျက်ရသည်ဟု ဇာတ်ကွက်တွင်း၌ ဆရာက လက်ညှိုးထိုးပြထားသည်။ ဖြိုးတုပ်သည် ဘေမိသားစုကိုသာမက တရုတ် ကုလား ဆင်းရဲသားတို့ကိုပါ ဒုက္ခပေးသည်ဖြစ်ကြောင်း ဆရာက နာကြည်းစွာရေးသည်။ သို့သော် ဖြိုးတုပ်၏အကြောင်းကို တိကျစွာ အကျယ်ချဲ့၍ ရေးသားခြင်းမပြုဘဲ ရှောင်ခဲ့သည်။

ဖြိုးတုပ်သည် အခြားသူမဟုတ် မြန်မာတို့အား အင်္ဂလိပ်တို့လက်အောက်မှ လွတ်မြောက်ရန် အားထုတ်ရင်း ဂျပန်တို့နှင့်ပေါင်း၍ သားကောင်များအဖြစ် ဆက်သသူဖြစ်သည်။ ဘေတို့ လွတ်မြောက်ရေးအတွက် ဂျပန်ကိုပြန်တိုက်သူလည်း ဖြစ်သည်။ ဖြိုးတုပ်သည် အခြားသူမဟုတ်၊ သခင်များ၊ ဘီအိုင်အေ တပ်မတော်သားများ၊ ကွန်မြူနစ်များ၊ ဆိုရှယ်လစ်များ ဖြစ်ကြသည်ဟု ဆရာက အကျယ်မရေးဘဲ တရားခံဖော်ခဲ့သည်။ ဘေတို့ကို ဂျပန်တို့အားဆက်သ၍ ညှဉ်းဆဲသူများသည် ဝတ္ထုပထမပုံနှိပ်သော ၁၉၄၇ ခုနှစ်က ဘေတို့အား ကယ်တင်ရှင်ကြီးများအဖြစ် အာဏာရရှိစပြုနေသည်ကို ဆရာက ရဲဝံ့စွာရေးဖွဲ့သည်။

ထိုကြောင့် မြန်မာနိုင်ငံ၌ နိုင်ငံသားဘေတို့ကို ညှဉ်းဆဲသူတို့က ကယ်တင်ရှင်များအဖြစ် နေရာယူပြန်သည်ကို ကြီးမားသော ရန်ငြိုးသိုမိသောကြောင့် အမြဲတစေ ဒေါသထွက်နေသောကြောင့် လေပေါက်ဆိုးသော ပညာကျော်ကြီး ဖြစ်ရရှာသည်ဟု ဆရာ၏စာကို မြတ်နိုးသူများက ယူဆမိကြသည်။

ကာလရွေ့လျားသောအခါ ဆရာမောင်ထင်က သူ၏ရန်ငြိုးကို လောကနိယာမတရားနှင့် ဖြေရှာဟန်တူသည်။ စာပေလောကနှင့် ဆက်သွယ်ရေး၌ တစတစ ချောမွေ့လာသည်။ ရှမဝ နှစ်လည် ထမနဲပွဲများတွင် ပျော်ရွှင်စွာ တက်ရောက်သည်ကို မြင်တွေ့ရပေကြောင်း။ ။ ❑



**ဟဲလို ... မြန်မာတိုင်းမ်**

**အောင်ဇလ**

ဇူလိုင် ၃၁၊ ၂၀၀၇

**" ဟဲလို ... ဟဲလို ... ဟဲလို ... "**

**" ဟဲလို ... ဟဲလို ... ဟဲလို ... "**

''ဟဲလို ... ဟဲလို ... အမိန့်ရှိပါခင်ဗျာ ... မြန်မာတိုင်းသတင်းစာက အယ်ဒီတာချုပ် ပြောနေပါတယ်''

**"ဟဲလို ... ကျနော်က ... အယ်ဒီတာချုပ်မင်းနဲ့ ပြောချင်တာပါ"**

''ဟုတ်ကဲ့ ကျနော်က အယ်ဒီတာချုပ်ပါ လူကြီးမင်းက ဘယ်ကပါလဲခင်ဗျာ ... သတင်းပေးချင်လို့ပါလား အမျိုးသားညီလာခံကို ထောက်ခံကြောင်း ဆောင်းပါးရေးလိုလို့လား''

**“ကျနော်က အယ်ဒီတာချုပ်ကြီးကို ဗျူးချင်လို့ပါ”**

“သြော် ကျနော့်ကိုတွေ့ဆုံမေးမြန်းချင်လို့ ဆိုပါတော့။ လူကြီးမင်းရဲ့ တယ်လီဖုန်းက အမေရိကန်က ဆိုတာကို သိပါတယ်။ မိတ်ဆွေကြီးက နယူးယောက်တိုင်းကလား၊ ဝေါလ်စထရီကလား”

**“ကျနော်က မိုးမခသတင်းစာက သတင်းထောက်ချုပ် အောင်ဗလပါ။ အောင်ဗလယ်လေ”**

“သြော် ဆရာပါလား၊ သိပါပြီ၊ သိပါပြီ၊ ကျနော့်ကို မေးစရာရှိတယ်ဆိုတာကို ဖြေပါမယ်။ အခု ကျနော်တို့အစိုးရက မူပြောင်းနေပါတယ်။ နိုင်ငံသားတိုင်း မိမိတို့သဘောထားကို ပွင့်လင်းစွာ ပြောခွင့်ပေးထားပါတယ်။ ဆရာမေးသမျှကို ဖြေပါမယ်။ အမျိုးသားညီလာခံကြီး အောင်မြင်နေတဲ့အကြောင်း၊ ပညာရေးလူမှုရေးတွေ တိုးတက်နေတဲ့အကြောင်း မေးချင်တာမေးပါဆရာ”

**“ပထမ မေးချင်တာက နိုင်ငံခြားရေးရာကိစ္စရေးရာကို မေးချင်တာပါ”**

“မေးပါဆရာ မေးပါ ဖြေပါမယ်”

**“ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကရော၊ နိုင်ငံတကာကပါ မြန်မာနိုင်ငံအစိုးရ ဒီမိုကရေစီပြောင်းလဲရေးကို အစစ်အမှန် လုပ်ဆောင်ဖို့ လိုလားကြတယ်ဆိုတဲ့ကိစ္စ”**

“မြန်မာအစိုးရက အစစ်အမှန် ဒီမိုကရေစီပြောင်းလဲရေးကို လုပ်နေပါတယ်။ ပြဿနာက နိုင်ငံအများက မြန်မာ့သယံဇာတကို လိုချင်လို့ ဖိအားပေးနေတာပါ။ မြန်မာအစိုးရကို ကျူးဘား၊ မြောက်ကိုးရီးယား၊ အီရန်၊ ရုရှ တို့က ထောက်ခံအားပေးနေပါတယ်။ ဆရာလည်း ဆင်ဟွာ စတဲ့ တရုတ်သတင်းစဉ်တွေကို ဖတ်ရမှာပါ။ တရုတ်အစိုးရကဆိုရင် မြန်မာအစိုးရမှာ နိုင်ငံရေးပြဿနာ မရှိ၊ ရှိတဲ့အနည်းငယ်ကို ကိုယ့်ဖာသာဖြေရှင်းနေတယ်လို့ ကြေညာပါတယ်။

**နိုင်ငံတကာက အာဏာရှင်တွေက မျက်လုံးကို ဒေါက်ထောက်ပြီး စာနယ်ဇင်းတွေကို ကြည့်ရှုစိစစ်ကြတယ်။ ခင်ဗျားတို့ ဘယ်လို နှိပ်ကွပ် နှိပ်ကွပ် သတင်းစာဆရာတွေကြိုလျှင် ခင်ဗျားတို့အကြောင်းကို ကမ္ဘာကသိအောင် ဖွင့်ချနိုင်တယ်လို့ ပညာပေးတာပါ**

... နောက်ပြီး တရုတ်အစိုးရကဆိုလျှင် ကုလ သမဂ္ဂမှာ မြန်မာအစိုးရကို တိုက်ခိုက်မယ်ဆိုရင် တရုတ်အစိုးရက မဟာမိတ်မြန်မာဖက်ကရပ်တည်မယ်လို့ ဗီတိုအာဏာသုံးမှာကို အကြိမ်ကြိမ် ကြေညာနေပါတယ်။ တဖက်ကလည်း မြန်မာနိုင်ငံက ထွက်သမျှ သဘာဝဓာတ်ငွေ့ကို ဝယ်မယ်လို့ ကြေညာတယ်လေ။ ဒါဟာ မြန်မာအစိုးရရဲ့ နိုင်ငံခြားဆက်ဆံမှု အောင်မြင်တာကို သက်သေပြနေတာပေါ့”

**“ထားပတော့ ထားပတော့။ ဒါထက် ဇူလိုင် ၂၃ ရက်နေ့က မြန်မာတိုင်းသတင်းစာမှာ ဒိန်းမတ်ပြည် ခရီးသွားကုမ္ပဏီတခုက နိုင်ငံခြားတိုးရစ်ခရီးသည်တွေ လှုပပြီး ပျူဂြာတဲ့ မြန်မာနိုင်ငံကို လာရောက်ကြပါဆိုတဲ့ ကြော်ငြာအကြောင်းကို မေးပါရစေ”**

“မေးပါဆရာ မေးပါ။ အဲဒီကြော်ငြာကို နိုင်ငံခြားသုံးငွေပေးပြီး ကျနော်တို့ သတင်းစာမှာ ဖော်ပြစေတာကလဲ အောင်ပွဲပါပဲ ဆရာရေ့ ...”

**“ဒါဖြင့် ကြော်ငြာထည့်တဲ့ ဒိန်းမတ်နိုင်ငံသား Ewhsnahtrellik ရဲ့ အကြောင်းကို ခင်ဗျားသိရဲ့လား”**

“မစ္စတာ Ewhsnahtrellik က စီးပွားရေးသမားတဦးနဲ့ တူပါတယ်။ လောကွတ်ကောင်းတဲ့ မြန်မာပြည်ရဲ့အလှကိုဖွဲ့ပြီး လာရောက်ကြပါ

လို့ ဖိတ်တာကိုက မြန်မာဂုဏ်ကျက်သရေ တိုးတာပေါ့ ဆရာ ...''

**"အယ်ဒီတာချုပ်ကြီး ဘန်ကောက်က သတင်းစာတွေကို မဖတ်ဘူးထင်တယ် ..."**

''စီးပွားရေးကြော်ငြာကို ထိုင်းတွေက မနာလိုလို့ ရေးတာဖြစ်ပါလိမ့်မယ်ဆရာ''

**"စီးပွားရေးမဟုတ်ဘူးဆိုတာ အယ်ဒီတာချုပ်ကြီး မသိသေးဘူးထင်တယ်။ စီးပွားရေးမဟုတ်ဘူး သတင်းစာပညာစွမ်းအင်ပြတဲ့ ကြော်ငြာတဲ့။ "နိုင်ငံတကာက အာဏာရှင်တွေက မျက်လုံးကို ဒေါက်ထောက်ပြီး စာနယ်ဇင်းတွေကို ကြည့်ရှုစိစစ်ကြတယ်။ ခင်ဗျားတို့ ဘယ်လို နိပ်ကွပ် နိပ်ကွပ် သတင်းစာဆရာတွေ ကြံလျှင် ခင်ဗျားတို့အကြောင်းကို ကမ္ဘာကသိအောင် ဖွင့်ချနိုင်တယ်လို့ ပညာပေးတာပါ" ဟု အဖွဲ့၏ ပြောဆိုခွင့်ရှိသူ မစ္စတာ Pia Bertelsen က ကြေညာပုံနှိပ်ပြီးနောက်တနေ့မှာ အေပီသတင်းထောက်အား ပြောပြသတဲ့..."**

''ခရီးသွားများလာကြပါလို့ ဖိတ်တယ်ဆိုတာဟာ နိုင်ငံရေး မဖြစ်နိုင်ပါဘူးဆရာ''

**"ကြော်ငြာသူ မစ္စတာ Ewhsnahtrellik ဆိုတဲ့ ဒိန်းမတ်စာလုံးက ဘမ်းစကားနဲ့ ရေးတာတဲ့ အဲဒီစာလုံးကို မြန်မာဘာသာပြန်လျှင် လူသတ်သမားကြီး သန်းရွှေ Killer Than Shwe လို့ အဓိပ္ပာယ်ရတယ်တဲ့။ လူသတ်သမားကြီး သန်းရွှေက ဖိတ်တယ်လို့ အဓိပ္ပာယ်ရတယ်လေ"**

''ဖြစ်မှဖြစ်ရပလေဆရာ၊ ဟော့ ဟော့ ... အယ်ဒီတာတယောက် ဒိန်းမတ်အဘိဓာန် ယူခဲ့စမ်း။ ကြည့်စမ်း ကေအိုင်က စပြီး ကြည့်စမ်း ဘာတယ်ကွ လူသတ်သမားဟုတ်လား၊ ဒုက္ခပါပဲ တို့တတွေ အားလုံး ထောင်ထဲသွားကြရမှာပါကလား''

**"ဟဲလို ... ဟဲလို ... ဟဲလို တယ်လီဖုန်း ပြတ်သွားပြီ။ ဟယ် ... ဟယ် ... ဟယ် ... ပူလိုက်တာ ဓာတ်လိုက်တယ်ဟေ့ တယ်လီဖုန်းကို ချက်ချင်းဖြတ်ပါ အော်ပရေတာရေ့"** ❑

**သရုပ်ဖော် ပန်းချီ – မောင်ရစ်**



## အာစရိအဆူဆူ (၄)

**ကြေးမုံဦး သောင်း**

ဩဂုတ် ၁၅၊ ၂၀၀၇

(၁၉၄၇ ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့က သတင်းထောက် ရာထူးရရှိ၍ နှစ်ပေါင်း ၆၀ ဆက်တိုက် စာပေဝန်ထမ်းစဉ် ပညာရင်နို့သောက်စို့ခဲ့ရသော ဆရာ့ ဆရာများ)

### နိုင်ငံ၏ ကျေးဇူးရှင်ကြီး သခင်ဘသောင်း

ကားလ်မတ်က်စ်သည် ကွန်မြူနစ်ဝါဒနှင့် ကွန်မြူနစ်ပါတီများကို မွေးဖွားပေးသူ ဖြစ်သကဲ့သို့ သခင်ဘသောင်းသည် တို့ဗမာအစည်းအရုံး သခင်ပါတီကို မွေးဖွားပေးသူ ဖြစ်သည်။ အကယ်၍သာ ပညာဉာဏ်ကြီးကဲသော သခင်ဘသောင်းအမည်ရှိ စာရေးဆရာကြီး ပေါ်ထွန်းမှုမရှိခဲ့လျှင် သခင်ပါတီနှင့် တို့ဗမာဝါဒ ပေါ်ထွန်းမည်မဟုတ်သဖြင့် မြန်မာ့ လွတ်လပ်ရေးတိုက်ပွဲမှာ နှောင့်နှေးကြန့်ကြာနိုင်ခဲ့ပေမည်။

သခင်ဘသောင်းသည် ရှေးမြန်မာခေါင်းဆောင် ဦးထွန်းရှိန် (ဘေပုရှိန်) ကျောင်းထွက် မျိုးချစ်ကြီးဖြစ်သည်။ သူတည်ထောင်သော သခင်ပါတီသည် လက်ဝဲလမ်းစဉ် ဩဇာကြီးသောပါတီဖြစ်လာခဲ့စေကာမူ သခင်ဘသောင်းသည် ကွန်မြူနစ်တဦး မဟုတ်ခဲ့ပေ။ ဆိုရှယ်လစ်တဦးပင် မဟုတ်ခဲ့။

"ဆိုရှယ်လစ်နိုင်ငံထောင်လျှင် ရေနံဆီတောင်မှ ရာရှင်လက်မှတ်နဲ့ ဝယ်ကြရလိမ့်မယ်"ဟု ၁၉၅၂ ခုနှစ်က ဗမာ့ခေတ်သတင်းစာ ဆောင်းပါးတပုဒ်တွင် ရေးသားခဲ့သည်။ ထိုစဉ်က ဗမာ့ခေတ်အယ်ဒီတာ တင်မောင်က "ဆရာ့အဆိုက မလွန်ဘူးလား၊ ကျနော်တို့နိုင်ငံမှာ ရေနံလုံလောက်စွာ ထွက်ပါတယ်။ ရေနံဆီကို ရာရှင်လုပ်ရတဲ့ခေတ်ကို မရောက်နိုင်ပါဘူး" ဟု စောဒက တက်ခဲ့မိသည်။

"မင်းက ငယ်ပါသေးတယ်၊ စောင့်ကြည့်ပါ၊ တနေ့မှာ အရှုးတကောင်ကောင်က လက်တည့်စမ်းပြီး ဆိုရှယ်လစ်နိုင်ငံ ထောင်တဲ့ခေတ်ကို ကြုံရပါလိမ့်မယ်၊ အဲဒီတော့မှ ငါရေးတာ မလွန်ဘူးဆိုတာ တွေ့ရပါလိမ့်မယ်" ဟု ဆရာက ရယ်မောရင်း နိမိတ်ဖတ်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်ကို တိုက်ထုတ်ခဲ့သော သခင်ပါတီ၊ တို့ဗမာအစည်းအရုံး၏ ဖခင်ကြီးက တနေ့တွင် လွတ်လပ်သော ဗမာပြည်တွင် နိုင်ငံရေးလက်တည့်စမ်းသူများ ပေါ်လေမည် မြန်မာများတို့ အခက်အခဲတွေ့ကြရမည်တို့ကို တင်ကြိုမြင်ခဲ့သည်။

ထိုအချိန်က ဗမာ့ခေတ် ဦးအုန်းခင်ကလည်း မိုးကြိုးအမည်နှင့် နေ့စဉ်လိုလို ဆောင်းပါးရေးလေရာ သခင်ဘသောင်းနှင့် ဦးအုန်းခင်တို့က သူတို့စာများတွင် သူတို့ခေတ်က တေးသီချင်းကလေးများ ထည့်သွင်းရေးသားလေ့ရှိသည်။

**ပြန်ကြားရေးဝန်ကြီး ဦးထွန်းဖေက ရာထူးမှထွက်လာစဉ်က ဝန်ကြီးချုပ်ဦးနုအား အာဏာရှင်ဆန်သည်ဆိုကာ ဦးနုအား ဘဝရှင်မင်းတရားကြီးဟု ဘွဲ့ပေးပြီး ဆောင်းပါးများရေးကာ ဝေဖန်သည်။**

လူကြီးနှစ်ဦးတို့ ဘီယာခွက် ကိုယ်စီကိုင်ကာ ဖိုးစိန်ကြီးခေတ်ဟောင်းမှ တေးများကို တပုဒ်ပြီး တပုဒ် ဆိုသီကြသည်ကိုကြည့်ကာ အယ်ဒီတာ တင်မောင် ပျော်ရွှင်ကြည်နူးခဲ့ရသည်။ ဇာတ်ကွက်ဝင်သော နိုင်ငံရေးကိစ္စကို တေးဟောင်းများ အသံသွင်းကာ ဆောင်းပါးရေးကြသည်။

ပြန်ကြားရေးဝန်ကြီး ဦးထွန်းဖေက ရာထူးမှ ထွက်လာစဉ်က ဝန်ကြီးချုပ်ဦးနုအား အာဏာရှင်ဆန်သည်ဆိုကာ ဦးနုအား ဘဝရှင်မင်းတရားကြီးဟု ဘွဲ့ပေးပြီး ဆောင်းပါးများ ရေးကာ ဝေဖန်သည်။

ထိုခါ ပင်တိုင်ဆောင်းပါးရှင် သခင်ဘသောင်းက ဗမာ့ခေတ်တွင် နေ့စဉ်ရေးသားသော ဆောင်းပါးကို ဦးဖိုးစိန်ကြီး၏ နာမည်ကျော် ဇာတ်ပွဲဇာတ်လမ်းမှ တေးဇာတ်လမ်းနှင့် ပြောင်မြောက်စွာ ခေါင်းစဉ်တပ်ကာ ရေးသားလေသည်။

ဖိုးစိန်ကြီး၏ ချင်းကလေးဖဝေးဇာတ်တွင် ချင်းကလေးဖဝေးသည် ဘုရင့်သမီးတော် မကြေးမုံနှင့် မေတ္တာမျှမိကြသည်။ နတ် ဖမ်းစားသဖြင့် မကြေးမုံက မိမိချစ်သူမဟုတ်ဟု ငြင်းဆိုသောအခါ မင်းချင်းတို့က ဖဝေးအား ရိုက်နှက်နှိပ်စက်ကြသည်။ ထိုအခါ ချင်းကလေးက ဖခင်ဘုရင်ကြီးထံ အသနားခံကာ မြန်မာစကားမတတ်တတတ်နှင့် တောင်းပန်သော ငိုချင်းကို သခင်ဘသောင်းက သူ၏ပင်တိုင်ဆောင်းပါး၏ ခေါင်းစဉ်အဖြစ် အသုံးပြုသည်။

"ပလိုင်းကို လွယ်ကာလေ၊ အရိုင်းမျိုးနွယ်ပါဘုရာ့၊ စော်ကားတယ်ဆိုတာ နင်မယုံလိုက်ပါနဲ့၊ တင်ပုံရုပ်ထွေး" ဟူသော ငိုချင်းတေးမှ ပထမအပိုဒ်တွင် "ယာတောအလယ်၊ ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့၊ နင် ဆင်ခြင်မှာလား ..." ဟု ငိုသည်ကိုယူကာ "ငါပြောမယ်" ဟု ခေါင်းစဉ်တပ်ကာ ဝန်ကြီးချုပ်ဦးနုအား နိုင်ငံရေးဝေဖန်ချက်များကို လူရိုင်းကလေး ချင်းဖဝေး၏ လေယူလေသိမ်းနှင့် နင်တခွန်း ငါတခွန်း အသုံးပြုကာရေးသားသည်မှာ ထိမိလှသည်။ အချက်

အလက် ဆင်ခြေကောင်းသော အကြောင်းအရာကို ဖွဲ့သီမှုလုပသော ရေးဟန်နှင့် ရေးသောကြောင့် စာဖတ်ပရိသတ်တို့က စွဲမက်ကြသည်။

ဝန်ကြီးချုပ်ဦးနုက သူ့အား ဘဝရှင်မင်းတရားကြီးဟု ခေါ်ဝေါ်ကာ ဝေဖန်သော ဝန်ကြီးဟောင်း ဦးထွန်းဖေ၏ ဝေဖန်စာများကို ဖတ်ရတိုင်း လက်မခံနိုင်ဘဲ ဒေါသထွက်လေ့ရှိသည်ဟု ကြားသိရသည်။ သခင်ဘသောင်း၏ ငါပြောမယ် ဟု ရေးသားသော ဝေဖန်ချက် ဆောင်းပါးများကိုမူ သရော်စာအဖြစ် အရသာယူကာ ဖတ်ရှုလေ့ရှိသည်ဟု သိရသည်။ ဝန်ကြီးချုပ်အား ဝေဖန်ပြစ်တင်သော စာချင်းအတူတူ ရသ မြောက်အောင် ရေးနိုင်သဖြင့် ပိုမိုထိရောက်သည်။ သခင်ဘသောင်းကလည်း သူ၏ဆောင်းပါးတွင် ချင်းကလေးဖဝေးနှင့် လက်စွဲတော် လူပျက်ကြီး တောင်လုံးကျော်တို့ စကားပြောဟန်ရေးသားရင်း "စက်ခုတ်သံလား မိုးသံလားဟေ့၊ စက်ခုတ်သံပဲ၊ မိုးသံပဲဟေ့" စသည်ဖြင့် တေးဟောင်းများကို ဆိုညည်းပြောကြဟန် ရေးသဖြင့် ပိုမိုအသက်ဝင်သည်။

သခင်ဘသောင်း ဘာသာပြန်ခဲ့သော တိုင်းပြည်ရန်သူပြဇာတ်မှာ ရေချိုးဆိပ်တခုသည် လူထုအား အန္တရာယ်ပြုနိုင်အောင် ယိုယွင်းနေသည်။ ထိုအမှန်တရားကို ဖော်ထုတ်မိသူတဦးအား မိမိတို့ အကျိုးစီးပွားကို ထိခိုက်မည်စိုးရိမ်သူများက ဝိုင်းပယ်ကြ၊ ရန်ပြုကြပုံကို ဇာတ်လမ်းဖွဲ့ထားသည်။

ထိုပြဇာတ်တွင် "အဖော်မပါသော တယောက်တည်းသည် အင်အားအကြီးဆုံး ဖြစ်သည်" ဟူသော စာပိုဒ်တခုကို ဆရာနှင့် ဆွေးနွေးဖူးသည်။ "ရှင်းပါတယ်ကွ၊ နှစ်ယောက်ဆို အယူအဆ ကွဲနိုင်သေးတယ်လေ" ဟု ဆရာက ဖြေ၏။

သခင်ဘသောင်း ရေးသမျှစာတို့သည် လွယ်ကူရှင်းလင်းသော ကျေးလက်တောရွာသုံး မြန်မာစာစကားများနှင့် ဖွဲ့ဆိုလေ့ရှိသည်။ ၁၉၈၁ ခုနှစ်က အင်္ဂလိပ်စာရေးဆရာ ကဗျာ

**ယာတောအလယ်၊ ငါပြောမယ်**
**ရွှေရှင်ဘုရင်ရဲ့၊**
**နင် ဆင်ခြင်မှာလား ဟု**
**ငိုသည်ကိုယူကာ**
**ငါပြောမယ် ဟု ခေါင်းစဉ်တပ်ကာ**
**ဝန်ကြီးချုပ်ဦးနုအား နိုင်ငံရေး**
**ဝေဖန်ချက်များကို လူရိုင်းကလေး**
**ချင်းဖဝေး၏ လေယူလေသိမ်းနှင့်**
**နင်တခွန်း ငါတခွန်း အသုံးပြုကာ**
**ရေးသားသည်မှာ ထိမိလှသည်။**

ဆရာကြီး Thomas Hardy ရေးသားသော Tess of the D'Urbervillies ဝတ္ထုကြီးကို ဆရာကြီးက 'ပန်းသာ မစာဥ' အမည်နှင့် ဆီလျော်အောင် ပြန်ဆိုခဲ့သည်။

မစာဥ ဝတ္ထုကြီးကို အညာစကား အညာလေ အညာဟန်နှင့် ရေးသားထားရာ ဖွင့်မပြောပါက ဘာသာပြန်စာပေဟု မယုံနိုင်လောက်အောင် မြန်မာဆန်သော ဝတ္ထုကြီး ဖြစ်သည်။ ဆရာကြီး၏ အကောင်းဆုံး ဂန္ထဝင်ဝတ္ထုဖြစ်ရုံသာမက မြန်မာစာပေလောက၏အကောင်းဆုံး ဝတ္ထုကြီးတခုလည်း ဖြစ်နေလေပြီ။

ဇာတ်ဆောင်မင်းသမီးကလေး ဥ က သူ၏ ဖခင်ကိုရှာဖွေရန် ပေပင်ကုန်းရွာထိပ်မှ ဘုံဆိုင်သို့ ဝင်သွားသောအခါ အရက်ရောင်းနေသူ အဖွားအိုက "လိုင်စင်သွင်းလို့ ပိုတာကလေးကို အပျော်သောက်ကြတာပါ တော်ရို့" ဟု အော်ဟစ်ရာမှ "ညည်းနှယ်အေ အသံကလေး ဘာလေးပေးပြီး ဝင်ပါဟယ်" ဟု ပြောရာပုံ၊ ယစ်မျိုးတို့ အရက်ဖမ်းလာမည် ကြောက်ရွံ့သဖြင့် "လိုင်စင်သွင်းလို့ ပိုတာကလေးကို အပျော်သောက်ကြတာပါတော်ရို့" ဟု ခြေသံကြားတိုင်း ဂါထာရွတ်ဆိုသကဲသို့ ရွတ်ဆိုပုံကို အသေးစိတ် ရေးသားသကဲ့သို့ စာပိုဒ်တိုင်းမှာ

အသက်ဝင်အောင် ရေးသားထားသည်။

သခင်ဘသောင်းသည် ဘဝစုံသည်၊ သူ့အား ငွေဒင်္ဂါးအတု ညှပ်ပုံလုပ်သည်ဟု ပုလိပ်တို့က ရိုးစွပ်ကာ ဖမ်းဆီးစစ်ဆေးသည်ကိုလည်း ခံရဖူးသည်။

စေတနာကလည်း ကြီးသည် ဗမာ့ခေတ်တွင် ဆောင်းပါးရေးရန် သူက ဘေးတွဲပါသော မော်တော်ဆိုင်ကယ်နှင့် လာလေ့ရှိသည်။ သူက ဆူးလေဘုရားလမ်းတွင် နေထိုင်ပြီး တင်မောင်က လတ္တာလမ်းတွင် နေသည်။ အလုပ်သိမ်းတိုင်း ထမင်းကျွေးရန် သူ၏ မော်တော်ဆိုင်ကယ်ဘေးတွဲနှင့်တင်ခေါ်ကာ လတ္တာလမ်းသို့ ပို့ပေးလေ့ရှိသည်။ ထိုအချိန်က မော်တော်ဆိုင်ကယ်ဘေးတွဲခေတ်ကုန်ပြီ ဖြစ်သည်၊ သူက ခေါင်းကြောင့် သူ့ကိုတွေ့တာနဲ့ သူရဲ့ မျက်လုံးကို ကိုယ့်လက်နဲ့ ဖောက်မယ်လို့ ဆုံးဖြတ်ပြီး ရန်ကုန်တမြို့လုံး ရှာတာပေါ့၊ ဆူးလေဘုရားခြေရင်းမှာတွေ့တော့ သူက ပြေးတယ်လေ၊ ဘာရမလဲ ကိုယ်က ဗလကြီးတာပဲဟာ နောက်ကလိုက်တော့ ပန်းခြံထဲမှာ မိတယ်လေ၊ သူ့အပေါ်က ခွစီးမိပြန်တော့လည်း သူ နာအောင် မလုပ်ရက်ပါဘူး'' ဟု နောက်ကြောင်းပြန်ဖူးသည်။

သခင်ဘသောင်းနှင့် အဖွဲ့တို့သည် တို့ဗမာသီချင်းနှင့် နိုင်ငံပြုစာတမ်းများနှင့် လှုံ့ဆော်စည်းရုံးမှုအရ သခင်လူငယ်အများတို့ အမြို့မြို့တွင် ပေါ်ထွန်းလာစေကာမူ ငယ်ရွယ်သူများသာဖြစ်သဖြင့် သြဇာစက် သိမ်ငယ်နေ၏။ ထိုအချိန်

**မြန်မာနိုင်ငံအား အိန္ဒိယပြည်နယ်တခုအဖြစ်မှ ခွဲထွက်ရေး သို့မဟုတ် တွဲနေရေး ဆုံးဖြတ်ရန် ပါလီမန်ရွေးကောက်ပွဲကျင်းပရန် စီစဉ်သောအခါ လူကြီးပိုင်း နိုင်ငံရေးအဖွဲ့များနှင့် သတင်းစာတို့က ခွဲရေးတွဲရေးကိစ္စကို ပြင်းထန်စွာ ငြင်းခုံနေကြစဉ်တွင် သခင်တို့က ပြတ်သားသည့်လမ်းစဉ်ကို ချမပေးနိုင်သဖြင့် နိုင်ငံရေးလောက၏ ဘေးလူ ဖြစ်သွားပြန်သည်။**

ပေါင်း ပေါင်းသေးသည်၊ တင်မောင်က ဘေးတွဲပေါ်တွင် ငုတ်တုတ်ထိုင်ကာ စီးနင်းလေ့ရှိသည်ကို ရုပ်ပြောင်အဖြစ် သတင်းစာလောကသားတို့ ကသာမက ရန်ကုန်သူ ရန်ကုန်သားတို့ကပါ တင်မောင်တို့ ဆရာတပည့်ကို လှောင်ကြသည်ကို ခံခဲ့ရသည်။

နေ့စဉ်လို ခရုခေါက်ဆွဲ၊ ကြက်သားပလာတာ စသည်ဖြင့် တပည့်ကို ကျွေးလေ့ရှိသည်။ စာပညာ အသိဉာဏ်ကြီးမားသော်လည်း ပစ္စည်းဥစ္စာ စုဆောင်းမိမည့်သူ မဟုတ်ပါပေ။ ငွေလိမ်မှုလည်း ကျူးလွန်ရန် ဝန်မလေး။

ရဲဘော်ရင်း သခင်စိုးက ''ကိုယ်က သံလျင်ဘီအိုစီ ရုံးစာရေးကလေးဘဝမှာ၊ ကျစ်ကျစ်ပါအောင် စုထားတဲ့ ငွေကလေးသုံးရာကို သူက သုံးပစ်လိုက်တယ်လေ၊ ဒီတော့ မခံချင်လွန်းတာတွင် အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံကို ဒိုင်အာခီစနစ်ထက် မြင့်မားသော အုပ်ချုပ်ရေးသစ်ပေးရန်အတွက် မြန်မာနိုင်ငံအား အိန္ဒိယပြည်နယ်တခုအဖြစ်မှ ခွဲထွက်ရေး၊ သို့မဟုတ် တွဲနေရေး ဆုံးဖြတ်ရန် ပါလီမန်ရွေးကောက်ပွဲ ကျင်းပရန် စီစဉ်သောအခါ လူကြီးပိုင်း နိုင်ငံရေးအဖွဲ့များနှင့် သတင်းစာတို့က ခွဲရေးတွဲရေး ကိစ္စကို ပြင်းထန်စွာ ငြင်းခုံနေကြစဉ်တွင် သခင်တို့က ပြတ်သားသည့်လမ်းစဉ်ကို ချမပေးနိုင်သဖြင့် နိုင်ငံရေးလောက၏ ဘေးလူ ဖြစ်သွားပြန်သည်။

၁၉၃၁ ခုနှစ်က ရန်ကုန်တက္ကသိုလ်သမဂ္ဂတွင် ဦးဘဘေနှင့် ဒေါက်တာဗမော်တို့ ခွဲရေးတွဲရေး စကားစစ်ထိုးပွဲကိုကျင်းပစဉ်က သခင်ဘသောင်းက ပရိသတ်အဖြစ် စင်မြင့်ပေါ်သို့ တက်ခဲ့သည်။ ''တွဲရေးကို မပေးကြမယ်ဆိုလျှင် အင်္ဂလိပ်ကျွန်

အဖြစ် ကျန်ရစ်ကြရမှာပေ့ါ၊ ခွဲရေးကို မဲပေးကြလျှင်လည်း မထူးပါဘူး၊ အင်္ဂလိပ်ရဲ့ သဘောက်ဖြစ်နေရမှာပါပဲ'' ဟု တင်ပြသည်။

''သတိုးမင်းဖျားခေတ်က သူခိုးတောက်ပြားလို သတ္တိရှိကြဖို့လိုပါသည်။ တောက်ပြားကို ဖမ်းမိတဲ့အခါမှာ ဘုရင်က ... 'ကားစင်တက်ပြီး သတ်ရမလား၊ လည်ချောင်းကိုခွဲပြီး သတ်ရမလား၊ ဘယ်လိုသေချင်သလဲ၊ သေနည်းကို ရွေးပေတော့ မောင်မင်း' လို့ မေးပါတယ်။ ဒီတော့ တောက်ပြားက ... 'ကျုပ် ဘာမှ မလိုချင်ဘူး၊ ခင်ဗျားကြီးရဲ့ဘေးမှာထိုင်နေတဲ့ မိဖုရားကြီးကိုပဲ လိုချင်တယ်လို့ ပြောတာကြောင့် သူရဲ့သတ္တိကို သိရှိပြီး သူကောင်းပြုခြင်း ခံရပါတယ်။ ဗမာတွေ သတ္တိရှိကြပါ၊ ခွဲရေး တွဲရေး မလိုချင်ကြပါနဲ့ လွတ်လပ်ရေးကိုတိုက်ကြပါ''စသဖြင့် ဟောပြောခဲ့သည်။

သူ၏ လမ်းစဉ်သည် မှန်ကန်သော်လည်း လူထုကြီးတရပ်လုံး ခွဲရေး တွဲရေး ပြဿနာကိုသာ စိတ်ဝင်စားနေကြသဖြင့် နားမဝင်ခဲ့ကြပြန်ပေ။

စည်းရုံးရေးအရှိန်မြှင့်ရန်အတွက် ညီလာခံတခုကို သခင်ဘသောင်းက သူ၏နေအိမ် ဗဟန်းရေတာရှည်လမ်း အမှတ် ၃၃ တွင် ၁၉၃၃ ခု ဇူလိုင်လ ၄–၅–၆ ရက်များတွင် ကျင်းပရာ သခင်သိန်းဟန်၊ သခင်ဗတင်၊ သခင်ဗစိန်၊ သခင်လှဘော်၊ သခင်သိန်းမောင်နှင့် ကိုအုန်းခင်တို့သာ တက်သဖြင့် သခင်ဘသောင်းပါ ၆ ဦးသာ တက်ရောက်ကြသည်။

အမြတ်တော်ခွန်ရုံးမှ စာရေးကိုအုန်းခင်က ညီလာခံတက်စေကာမူ သခင်နာမည်ကို ယူသူမဟုတ်သဖြင့် ဒေါင်ဒေါင်မည် သခင် ၅ ဦးသာ ရှိနေသည်။

သခင်ဘသောင်းကမူ စိတ်မပျက်ပါပေ၊ ''အခုလို ရဲဘော်များကို တွေ့ရတာမို့ ဝမ်းသာအားတက်ဖြစ်ရပါတယ်၊ သခင်အဖွဲ့မှာ ကျနော်တယောက်အပြင် ခင်ဗျားတို့ ၅ ယောက်က နံဘေးမှာရှိနေပြီမို့ အားတက်ရပါတယ်။ ဟစ်တလာနှင့် နှိုင်းစာမယ်ဆိုလျှင် ကျနော်က အများကြီး သာတာပေ့ါ။ ဟစ်တလာပါတီတည်ထောင်တုန်းက တယောက်ထဲ ရှိရာတယ်၊ ပိုက်ဆံကလေး မဖြစ်စလောက် ရှိပြားလောက်နဲ့ ထောင်ခဲ့တယ်'' ဟု သခင်ဘသောင်းက အားတက်သရော မိန့်ခွန်းပေးခဲ့သည်။

ကံအားလျော်စွာ အခွင့်အလမ်းတခုကို သူတို့ တွေ့ကြသည်။

ခွဲရေးတွဲရေး ပါလီမန်ရွေးကောက်ပွဲမဝင်ဟု မူလက ဆုံးဖြတ်ခဲ့စေကာမူ ကြား ရွေးကောက်ပွဲတခုနှင့် ကြုံကြိုက်သောအခါ သခင်ဘသောင်းက ဝင်ရောက်အားစမ်းရာမှ သခင်ပါတီလှုပ်ရှားမှုများ စတင်နိုင်ခဲ့သည်။

ရွှေဘိုမြို့ အရှေ့ပိုင်းမဲဆန္ဒနယ်မှ အမတ်မင်းဦးသုတဆိုသူကွယ်လွန်သဖြင့် ကြားရွေးကောက်ပွဲကျင်းပရာ သခင်ဘသောင်း ဝင်ရောက် အရွေးခံရန် ဆုံးဖြတ်ကြလေသည်၊ ၁၉၃၃ ခု နိုဝင်ဘာလထဲတွင် သခင်ဘသောင်းနှင့်အတူ သခင်ဗစိန်၊ သခင်ထွန်းရွှေနှင့် သခင်သိန်းမောင်တို့ပါ ရန်ကုန်မှ ရွှေဘိုသို့လိုက်လာကြပြီး ရွှေဘိုမှ အမာခံသခင်တဦးဖြစ်သူ သခင်ဗခန့်အိမ်တွင် သခင်ပါတီရုံးဖွင့်ကာ ရွေးကောက်ပွဲအတွက် စည်းရုံးကြလေသည်။ သခင်ပါတီလမ်းစဉ်ကို ရွှေဘိုမြို့နယ်တွင် ဟောပြောစည်းရုံးကြသည်။

**သခင်အဖွဲ့မှာ**
**ကျနော်တယောက်အပြင်**
**ခင်ဗျားတို့ ၅ ယောက်က**
**နံဘေးမှာရှိနေပြီမို့**
**အားတက်ရပါတယ်။**
**ဟစ်တလာနှင့်နှိုင်းစာမယ်ဆိုလျှင်**
**ကျနော်က အများကြီးသာတာပေ့ါ။**
**ဟစ်တလာ**
**ပါတီတည်ထောင်တုန်းက**
**တယောက်ထဲ ရှိရာတယ်။**

ဟောပြောချက်ကို အကြောင်းပြု၍ ရွှေဘို အရေးပိုင်က ပုဒ်မ ၁၄၄ အရ ရွှေဘိုခရိုင်မှ ထွက်ခွာပေးရမည်ဟု နှင်ထုတ်သောအခါ သူတို့က အာဏာဖီဆန်ကြသဖြင့် ပုလိပ်တို့က ဖမ်းဆီးလိုက်ပြီး ထောင်ဒဏ် ၄ လ အပြစ်ပေးသည်။ ချက်ချင်းပင် မန္တလေးထောင်၊ မြင်းခြံထောင်၊ သရက်မြို့ထောင်နှင့် ရန်ကုန်ထောင်သို့ ရွှေ့လိုက်သည်။ ထောင်ရွှေ့စဉ်တွင် လမ်းတလျှောက်လုံး "သခင်မျိုးဟေ့ တို့ဗမာ၊ လာမည့်ဘေး ပြေးတွေ့၊ အမေကမွေး ထောင်ကကျွေး" ဟူသော ကြွေးကြော်သံများကို အော်ဟစ်ကြသည်။ ထိုမျှမကသေး အစာငတ်ခံတိုက်ပွဲ ဆင်နွှဲကြသေးသည်၊ သခင်တို့၏ လှုပ်ရှားမှုသတင်းများကို ရန်ကုန်မြို့ သတင်းစာများက အသားပေးကာ ဖော်ပြကြသည်။ ဤတွင်မှ သခင်ပါတီကို မြန်မာတနိုင်ငံလုံးက သိရှိလာကြပြီး လူငယ်များ၏ တို့ဗမာအစည်းအရုံး သခင်ပါတီကြီး ပေါ်ပေါက်လာခဲ့ရသည်။ နိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲတွင် အရေးပါစွာ ဝင်ရောက်အားထုတ်နိုင်ခဲ့၏။

သခင်ဘသောင်း ဟောခဲ့သည့်အတိုင်း ဗိုလ်နေဝင်းခေါ်သူ အရှုးတယောက်က မြန်မာ့လမ်းစဉ်ဆိုရှယ်လစ်ပါတီ ထောင်ခဲ့သဖြင့် ရေနံဆီရှားသည်ကို မြန်မာများ လက်တွေ့မြင်ခဲ့ကြရ၏။

၁၉၇၆ ခုနှစ်က ဆိုရှယ်လစ်အစိုးရ ပြန်ကြားရေးဌာန ဒုညွှန်မှူး တင်မောင်၏ရုံးသို့ သခင်ဘသောင်းတယောက် ဝင်လာသည်။ "ရေနံဆီရှားတာ မြင်ပြီလားဟေ့" ဟု စကားနာထိုးပြီး ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်သည်။

ဝလင်စွာ စကားပြောပြီးနောက် ဆရာက အိတ်တွင်းမှ ငွေစက္ကူတလိပ်ကို ထုတ်၍ အပ်သည်။ "မင်းရဲ့ အဓိက အလုပ်က ဧည့်ခံပွဲတွေ စီစဉ်တဲ့အလုပ်ဆိုတာ ငါသိပါတယ်။ ဒီတော့ ငါ့အတွက် နှုတ်ဆက်ညစာစားပွဲတခု စီစဉ်ပေးကွာ" ဟုစေခိုင်းသည်။ သူဖိတ်လိုသော နိုင်ငံရေးလူကြီးများစာရင်းကို ပေးသည်။ စာပေလောကကတော့ မင်းပဲ ရွေးပြီးဖိတ်ကွာ" ဟု ပြောပြီး "ငါမသေမီ သူတို့ကို နှုတ်ဆက်ခဲ့ချင်တယ်"ဟု တည်ကြည်စွာပြောရှာ၏။

> **ထောင်ရွှေ့စဉ်တွင်**
> **လမ်းတလျှောက်လုံး**
> **'သခင်မျိုးဟေ့ တို့ဗမာ၊**
> **လာမည့်ဘေး ပြေးတွေ့၊**
> **အမေကမွေး ထောင်ကကျွေး'**
> **ဟူသော ကြွေးကြော်သံများကို**
> **အော်ဟစ်ကြသည်။**
> **ထိုမျှမကသေး အစာငတ်ခံတိုက်ပွဲ**
> **ဆင်နွှဲကြသေးသည်။**

ငွေလိပ်ကို စစ်ကြည့်သောအခါ ဖူလုံသည်၊ ပိုလျှံသည်။ သူ့အလိုအရ ခမ်းနားသော ညစာစားပွဲတခုကို တရုတ်ဟိုတယ်တခု၌ ကျင်းပပေးခဲ့သည်။ ရွှေပွဲလာဧည့်သည်တော်တို့က ပုလင်းများ ပါလာကြသဖြင့် နှုတ်ဆက်ပွဲမှာ စည်ကားသည်၊ ပျော်ကြသည်၊ နောက် လွမ်းကြသည်၊ တော်တော်နှင့် မပြီးနိုင်။

မိမိသေတော့မည်ထင်သဖြင့် ပွဲကျင်းပစေသောဆရာသည် အသက်ပြင်းသည်။ လအနည်းငယ်ကြာသောအခါ ဆူးလေပန်းခြံထောင့်တွင် တွေ့ရသည်။ "ငါ မသေသေးဘူးကွ"ဟုပြောပြီး တင်မောင်၏ ပိုက်ဆံအိတ်ကို ဆွဲကြည့်၍ တွေ့သမျှ ယူသွားသည်။ "အခု ငါ ဘိုင်ကျပြန်ပြီ" ဟု ပြောခဲ့သည်။

ထို့နောက် ဆရာကို မတွေ့ရတော့ပြီ။ တင်မောင်က အမေရိကန်သို့ လွင့်လာမှ ၁၉၈၁ ခု မေ ၂၁ ရက်နေ့က နိုင်ငံသားတို့နှင့် စာပေလောက၏ ခေါင်းဆောင်ကြီး ဘဝကူးရှာလေသည်ဟု သိရ၏။ ။ ❑

**ကောက်ကြောင်း ပန်းချီ – နေမျိုးဆေး**



## အာစရိ အဆူဆူ – ၅

**ကြေးမုံဦး သောင်း**

စက်တင်ဘာ ၁၃၊ ၂၀၀၇

(၁၉၄၇ ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့က သတင်းထောက် ရာထူးရရှိ၍ နှစ်ပေါင်း ၆၀ ဆက်တိုက် စာပေဝန်ထမ်းစဉ် ပညာရင်နို့သောက်စို့ခဲ့ရသော ဆရာ့ ဆရာများ)

### ဘာသာရေးစာပေဆရာကြီး ဦးနု

တင်မောင်တယောက် ဗမာ့ခေတ်၌ အယ်ဒီတာပေါက်စန ရာထူးကိုရစဉ်က လုပ်ငန်းကြီး တခုကိုလုပ်ခွင့်ရသဖြင့် လွန်စွာကျေနပ်ခဲ့မိသည်။ လူငယ်ပီပီ မာနတက်ခဲ့မိသေးသည်။

တင်မောင်သည် သူသွားလေရာ၌ စာအုပ်တစ်အုပ် အမြဲဆောင်လေ့ရှိ၏။ သန့်ရှင်းရန် စက္ကူ ညို ဖုံးလေ့ရှိသည်။ တနေ့တွင် ဗမာ့ခေတ်အယ်ဒီတာချုပ် ဦးအုန်းခင်က ဆွဲ၍ကြည့်သည်။ ဖတ်လို သည်ဆိုသဖြင့် ငှားလိုက်ရသည်။ ၃ အုပ်ခန့်ငှားမိသောအခါ “မင်းနှင့်ငါ စာအုပ်အကြိုက်တူတယ်။ ဒီတော့ မင်းဝယ်သမျှ ငါ့ဖို့တအုပ်ပါ နှစ်အုပ်ဝယ်ကွာ” ဟု တာဝန်ပေးသည်။ သူ့မှာ စာအုပ်ဆိုင် သွားချိန် မရှိ။

ဦးအုန်းခင်ကလည်း သူကြိုက်သောစာအုပ်ကို ဝန်ကြီးချုပ်ဦးနုအား ငှားရလေ့ရှိသဖြင့် နောက်ပိုင်းတွင် တင်မောင်ဝယ်သမျှ ၃ အုပ်ဝယ်ရသည်။ စာအုပ်ဆိုင်တွင် သတင်းစာတိုက်အတွက် စာရင်းဖွင့်ကာဝယ်စေရာတွင် တင်မောင်အတွက် စာအုပ်ဖိုးကိုပါ တိုက်ကပေးသဖြင့် တင်မောင်အဖို့ စာအုပ်ဖိုးမကုန်ဘဲ အချောင်ဖတ်ရသည်။

ငွေသက်သာသည်ထက် အယ်ဒီတာချုပ်ကြီးနှင့် ဝန်ကြီးချုပ်တို့အား ဦးနှောက်အစာဆက်ရသည့် အခွင့်အရေးကို လွန်စွာ ကျေနပ်မိသည်။

တင်မောင်၌ ဦးအုန်းခင်ရော၊ ဦးနုတို့ပါ မသိသော လျှို့ဝှက်ချက်တခု ရှိနေ၏။ သူတို့အတွက် စာအုပ်ဝယ်ရန် တာဝန်မကျစဉ် ကပင် ပုဂ္ဂိုလ်(ကြီး)တဦးအတွက် စာအုပ်အဝယ်တော်ရာထူးကို တင်မောင်က ရရှိထားပြီး ဖြစ်နေသည်။

အလံနီကွန်မြူနစ်ပါတီ တောခိုသည်နှင့် လက်နက်စုဆောင်းရသည့်အပြင် သခင်စိုးဖတ်ရန် စာအုပ် အမြဲမပြတ်ရန် စီစဉ်ကြရသည်။ တင်မောင်က ပါတီဝင်ပါရစေဟုပြောစဉ်က ခေါင်းရမ်းသော ဆရာကြီးက မြို့ပေါ်မှာ စာအုပ်ဝယ်၍ပို့စေရန် ရဲနီကျော်ဝင်း၊ ရဲနီထွန်းစိန်တို့က တင်မောင်အား တာဝန်ပေးသည်ကို သဘောတူသည်။

ဆက်သားက လစဉ် ငွေ ၃၀၀ မှ ၅၀၀ ကျပ်အထိ တင်မောင်လက်သို့ ပေးသည်။ ဆရာကြီးက သူဖတ်ချင်သော စာအုပ်များစာရင်းကို ရေးထားသည့်စာရွက်ကို ပေးသည်။

တောတွင်းသို့စာအုပ်များပို့ရန် ဆက်သားအများရှိသဖြင့်လွယ်ကူသည်။ သို့သော် စာအုပ်ရွေးရသည်မှာ မလွယ်ပေ။ သခင်ကျော်စိန်၏ ပြည်သူ့စာပေ စာအုပ်ဆိုင်သွားကာ ရှုပြည်ထွက် လက်ဝဲစာနယ်ဇင်းများကို စုဆောင်း၍ဝယ်ရသည်။ ထို့ပြင် သခင်အုန်းမြင့်၏ ရန်ကျော်စာအုပ်ဆိုင်မှာ တရုတ်နီစာနယ်ဇင်းများကို ရွေးချယ် ဝယ်ယူရသည်။ လမ်းစဉ်ကြီး ၂ ခုကို မျှတအောင် ရွေးရသည်။ တနေကုန်သည်။

ပြည်သူ့စာအုပ်ဆိုင်သို့ စစ်တပ်မှ ဗိုလ်မှူးကြီးများ စတည်းချကာ လေပန်းရင်း သတင်းစုလေ့ရှိသဖြင့် တင်မောင်မှာ သတိကြီးစွာ ထားရသေးသည်။ ဗိုလ်မှူးကြီးများသည် အဖမ်းအဆီးလက်သွက်ကြသည်မို့ စွန့်စားလုပ်ဆောင်ရသောအကြား၌ တခါတရံတွင် ဆရာကြီးက သူခံတွင်းမတွေ့သောစာအုပ်ကို ဝယ်မိလျှင် ဆူသည်။ စိုးကြီး၏ စာတို့မှာ စာတိုတောင်းသော်လည်း ဆူပူငေါက်ငန်းသံက စူးရှသည်။ ပြင်းထန်သည်။

ဆရာကြီး အဆူခံရစေကာမူ အန္တရာယ်ကြီးစေကာမူ ပျော်ခဲ့သည်။ ယခုတဖန် ဝန်ကြီးချုပ်အတွက် 'စာတော်ဆက် ရာထူး' ထမ်းရသောအခါ ပို၍ပျော်မိသည်။ နိုင်ငံ၏ခေါင်းဆောင်ကြီး ၃ ဦး ဝန်ကြီးချုပ်၊ သူပုန်ဗိုလ်ချုပ်နှင့် အယ်ဒီတာချုပ်ကြီးတို့အား ဦးနှောက်ဆေးရသူအဖြစ် မိမိစိတ်ထဲမှ တိတ်တဆိတ် မာနတက်မိသည်။

စင်စစ်အားဖြင့် စာအုပ်ဝယ်ပြီး ဦးနုထံပို့ရသည်က ပို၍ပျော်၏။ ဦးနုက စာကြောင်းပေကြောင်းကောက်ချက်ပြုလေ့ရှိသဖြင့် စာစကားပြောခွင့်ကြုံရသည်မှာ အရသာပင်။

တင်မောင်သည် ဦးနု၏ စာပေပရိသတ်ဖြစ်သည်။ ဝန်ကြီးချုပ်အဖြစ်ထက် စာရေးဆရာကြီးအဖြစ် ပို၍ ကြည်ညိုသည်။ ဦးနု၏ စာအုပ်မှန်သမျှကိုဖတ်ကာ ကျေနပ်နေသူ ဖြစ်သည်။ ဦးနု၏ စာရေးနည်းကိုလည်း နှစ်သက်သည်။

၁၉၅၀ ခု ပြည်တော်သာပန်းတိုင် စာအုပ်၌ ကျောင်းသားများကို တာဝန်ကြီးတခု အပ်ပါရစေဟု မေတ္တာရပ်ရာတွင် 'မင်းတို့ကျုပ်တို့ရဲ့ ပြည်ထောင်စုကြီးကို ရေမျက်နှာပြင်လို မငြိမ်မသက်ဖြစ်နေတဲ့ဘဝက မြေမျက်နှာပြင်လို တည်တံ့ခိုင်မြဲတဲ့ဘဝကိုရောက်အောင် တည်ဆောက်ပေးကြပါ' ဟု ဖွဲ့သီပုံကို အတုယူရန် မှတ်သားသင်ကြားလေ့ရှိသည်။

ယင်းသို့ မိမိက အထင်ကြီးနေသော ဆရာကြီးက နိုင်ငံခြား၌ ဟောပြောချက် စာတမ်းတခုကိုဖတ်ရသဖြင့် တင်မောင်သည် ဘဝင်ဆို့သွားခဲ့မိသည်။

အမေရိကန်မြောက်ပိုင်း အီလီနွိုက်တက္ကသိုလ် 'မြန်မာသိသင်အဖွဲ့' ၏ ၁၉၈၈ ခု စာတမ်းဖတ်ပွဲ၌ ဦးနုက ...

"ကျနော် နတ်ကိုယုံကြည်ပါတယ်။ ကိုယ်တွေ့မို့ လေးလေးနက်နက် ယုံပါတယ်။ ကျနော့်ရဲ့ယောက္ခမကြီးဟာ သူ့ရဲ့အိမ်မှာ နတ်အုန်းသီးဆွဲပြီးပူဇော်ဖို့ မေ့လျော့မိတာကြောင့် ကာလအတန်ကြာ ကိုယ်လက်မအီမသာဖြစ်ပြီး ရောဂါစုံစွဲကပ်ပြီး သေမလိုဖြစ်ခဲ့ဖူးပါတယ်။ မိတ်ဆွေတဦးက သတိပေးတာကြောင့် နတ်ကတော်ပင့်ပြီး နတ်မေးတော့မှ အိမ်စောင့်နတ်က ဖမ်းစားတာကို သိရပါတယ်။ ဟောကြားချက်အရ နတ်အုန်းသီးဆွဲပြီး ပူဇော်လိုက်တာနဲ့ ချက်ချင်း ကျန်းမာတာကို မြင်ရပါတယ် ..."

"ဒါတင်မကပါဘူး။ ၁၉၅၅ ခုက ကျနော်တို့အစိုးရက မိတ္ထီလာနယ်မှာ တောင်ပုလုဆည်ကြီး ဆောက်ပါတယ်။ ဆည်ကြီးပြီးလို့ဖွင့်ပွဲလုပ်ဖို့ ချိန်းသတ်ပြီး စီစဉ်ပါတယ်။ ရန်ကုန်က ဝန်ကြီးတွေ၊ အရာရှိတွေနဲ့ အပူပိုင်းဒေသက လယ်သမားတွေကို ဖိတ်ထားပါတယ်။ ရက်ချိန်းနီးမှ အင်ဂျင်နီယာများက ဖွင့်ပွဲ ရွှေ့ပါရစေလို့ ကျနော့်ထံ တင်ပြပါတယ်။ အကြောင်းက ဆည်ကြီးတနေရာမှာ စိမ့်ယိုနေပါတယ်လို့ ပြောပါတယ် ..."

"ဖာထေးဖို့ပြောတော့ ခုတလော မိုးခေါင်တာကြောင့် ဆည်မှာရေမရှိဘဲ ရေခန်းနေလို့ဖြစ်ရတာ ရေပြည့်လျှင် အလိုအလျောက် ယိုစိမ့်တာ ပိတ်ပါမယ်လို့ ဆိုပါတယ်။ အင်ဂျင်နီယာတွေရဲ့ပြဿနာကို ဖြေရှင်းဖို့စဉ်းစားရပါတယ်။ နည်းရှိတယ်ဆိုတာ ကျနော်ကမြင်တာကြောင့် ဖွင့်ပွဲကိုရက်မရွှေ့ပါနဲ့ အမိန့်ပေးတော့က မျက်လုံးပြူး မျက်ဆံပြူး ပြန်သွားရှာပါတယ် ..."



**ကြေးမုံဦးသောင်း နှင့် ဝန်ကြီးချုပ် ဦးနု**

"ကျနော်က နောက်တနေ့နံနက်စောမှာ ဆည်ဘောင်ရိုးမှာ ရိုးရာနတ်မင်းများကို ပူဇော်တဲ့ နတ်ကန္တားပွဲ ကျင်းပပါတယ်။ မိုးထိန်ထိန်လင်းတာနဲ့ မိုးတွေ အုံ့လာပြီး နေမထွက်တော့ဘဲ မိုးသည်းထန်စွာရွာချပါတယ်။ ဆည်ကြီး ရေလျှံလို့ ယိုပေါက်ကြီးပိတ်သွားမှ အင်ဂျင်နီယာတွေက ရိုးရာနည်းကို ယုံကြည်သွားကြပါတယ်"

ဦးနုသည် လွန်စွာရိုးသားသဖြင့် မိမိယုံကြည်ချက်ကို ပွင့်လင်းစွာ ပြောခဲ့၏။ တင်မောင်အဖို့ ဆဋ္ဌသံဂါယနာတင် မင်းတရားကြီးက ဤသို့သော ဟောပြောမှု မပြုသင့်ဟု ယူဆသဖြင့် ဘဝင်မကျ ဖြစ်နေခဲ့၏။

နောက်တချီ အီလီနွိုက်တက္ကသိုလ် 'မြန်မာသိသင်အဖွဲ့'၏ ၁၉၈၇ ခုစာတမ်းဖတ်ပွဲတွင် ဟောပြောပြန်သေးသည်။ ထိုစာတမ်းဖတ်ပွဲတွင် တင်မောင်က မြန်မာပြည်သတင်းလွတ် လပ်ခွင့်စာတမ်းဖတ်ရသဖြင့် စာဖတ်ပွဲ၏ မင်းသားကြီး ဦးနု၏စာကို နားနှင့်ဆတ်ဆတ် ကြားရသည်။

ထိုစဉ်က ဦးနု၏ စာတမ်းမှာ သူတော်ကောင်းတို့အကျင့်ကောင်းသဖြင့် နတ်ဘုံဗြဟ္မာဘုံ၌ စံစားရပုံကို ပြောသည်။ မိမိ၏ဝဲယာတွင် နတ်သမီးတဖက် ၅၀၀ စီပြုစုကြရသည့် အကြောင်းကို ဖွဲ့၏။

ထိုအကြောင်းကိုလည်း ဦးနုကမပြောသင့်ဟု တင်မောင်က ယူဆသည်။ ညစာစားပွဲ၌ အမေရိကန် အမျိုးသမီးတဦးက ...

"မင်းတို့နတ်ဘုံမှာ နတ်သမီး ၁၀၀၀ က နတ်သား တယောက်ကို ဖျော်ဖြေကြရတော့ နတ်သမီးဖြစ်ရရင် အမျိုးသမီးတို့အခွင့်အရေး နတ္ထိပါလား" ဟု စကားနာထိုးသည်ကို တင်မောင်က ခံခဲ့ရသည်။

ဤအတွေ့အကြုံများအရ ဦးနု၏ စာများကို ကိုးကွယ်နေသော တင်မောင်အဖို့ ဦးခေါင်းထဲ၌ အထုံးကြီးတခု ဖြစ်နေခဲ့ သည်။

တော်သေးသည်။ ကံကောင်း၏။ လွန်ခဲ့သောလက ဦးနုရေးသော "ငရဲဆို ချိုနဲ့လား ဗျို့" စာအုပ်ကို မိတ်ဆွေတဦးက လက်ဆောင်ပေးသည်။ ၁၉၆၃ ခုနှစ်က ရေကြည်အိုင်တွင် အကျဉ်းကျစဉ်က ရေးသည်ဟု ဆိုသည်။

လူကောင်းလူဆိုးတို့၏ အဆိုးအကောင်း ပြုမူချက်များကို ငါ့စကားနှင့် ရေးထားသည့် ဝတ္ထုတိုများမှာ အသက်ဝင်လှသောကြောင့် စာအုပ်ဆုံးမှ ရပ်နိုင်သည်။

**အလံနီကွန်မြူနစ်ပါတီ**
**တောခိုသည်နှင့်**
**လက်နက်စုဆောင်းရသည့်အပြင်**
**သခင်စိုးဖတ်ရန်**
**စာအုပ် အမြဲမပြတ်ရန်**
**စီစဉ်ကြရသည်။**
**တင်မောင်က**
**ပါတီဝင်ပါရစေဟုပြောစဉ်က**
**ခေါင်းရမ်းသော ဆရာကြီးက**
**မြို့ပေါ်မှာ စာအုပ်ဝယ်၍ပို့စေရန်**
**ရဲနီကျော်ဝင်း၊ ရဲနီထွန်းစိန်တို့က**
**တင်မောင်အား တာဝန်ပေးသည်ကို**
**သဘောတူသည်။**

ကမ္ဘာကြီးအကြောင်းမှ သတ္တဝါတို့အကြောင်းကို နားလည်ကြစေရန် ရှင်းလင်းစွာ ရေးထားသည်။ ရပ်ပြစ်ရှစ်ပါး ...

(၁) ငရဲ၊

(၂) တိရစ္ဆာန်၊

(၃) ပြိတ္တာ၊

(၄) အသုရာသတ်ဘုံ၊

(၅)သာသနာတော်နှင့် ဝေးကွာလှမ်းသောဒေသ၌ လူဖြစ်နေသူ၊

(၆) သာသာခြားဖြစ်နေသူ၊

(၇) တရားတော်ကို နာယူနိုင်ရန် ကိုယ်အင်္ဂါမပြည့်သူ၊

(၈) သာသာနာတော် ကင်းပချိန်၌ လူဖြစ်မိသူဟူသော အပြစ် ၈ ပါးရပ်လွတ်ပါက ထိုလူသားသည် ဆက်၍ကျင့်ပါက ရဟန္တာမှ ဘုရားအထိ ကျွတ်လွတ်နိုင်သည်ဟု ရှင်းပြသည်။ ဗုဒ္ဓသာသာမြန်မာတို့ ကုသိုလ်ထူးပုံကို ညွှန်ပြထားသည်။

ဗုဒ္ဓသာသာဝင်တို့အဖို့ ...

၁။ သတ်ဖြတ်လိုစိတ်

၂။ ခိုးဝှက်လိုစိတ်

၃။ ကာမမှု မှားယွင်းလိုစိတ်

၄။ လိမ်ပြောလိုစိတ်

၅။ သေရည်အရက် သောက်လိုစိတ်

ကင်းပြတ်လျှင် စင်ကြယ်သူ သောတာပန်ဖြစ်နေပြီ။ ဘုရား ရဟန္တာအဖြစ် ကျွတ်လွတ်အောင် အားထုတ်နိုင်လေပြီဟု ရှင်းပြသည်။။

တင်မောင်အဖို့ ဦးနုက သာကေပြုသော ဝတ္ထုများနှင့် ရှင်းပြချက်များကို ဖတ်ရသောကြောင့် မိမိ၏ ဘဝအနာဂတ်အရေးအတွက် ကြီးစွာ အားတက်မိသည်။

ဗုဒ္ဓအဘိဓမ္မာကို 'အဲလိုပဲဗျို့' ဟု အရပ်သားစကားပြောကာ ရေးသားဟောကြားခဲ့သော ကျေးဇူးကား ကြီးမားလှသဖြင့် တင်မောင်သည် ဦးနုအား အမြဲတစေ ရှိခိုးနေမိပါတော့၏။ ။ ❑



# ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားလွှာ

**ကြေးမုံ ဦးသောင်း**
အောက်တိုဘာ ၇၊ ၂၀၀၇

ငြိမ်ဝပ်ပိပြားမှုအတွက် အားထုတ်ရာမှ ပြည်သူနှင့်တပ်မတော်တို့ တညီးကိုတညီး တုံ့ပြန်ရိုက်နှက်ခဲ့မိကြသည်အထိ ပြဿနာတက်ခဲ့ရသည်ကို နအဖအစိုးရ တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မလိုလားသည်မှာ အမှန်ဖြစ်ပေသည်။

နိုင်ငံခြားတိုင်းပြည်များက အထင်အမြင်လွဲမှားကြလေသဖြင့် ကုလသမဂ္ဂကိုယ်စားလှယ်ကြီးလာရောက်ဖြေရှင်းရသည်ကိုလည်း ဗိုလ်ချုပ်မှူးကြီးက မလိုလားခဲ့ပေ။

ယင်းကဲ့သို့ ဗိုလ်ချုပ်မှူးကြီး မလိုလားအပ်သောဖြစ်ရပ်များ မပေါ်ပေါက်စေရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ စစ်အစိုးရအသွင်မှ ရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များကအုပ်ချုပ်သော ပါလီမန်အစိုးရသို့ ပြောင်းလဲရေးအတွက် နိုင်ငံရေးမြေပုံအစီအစဉ်ကို အားထုတ်လုပ်ဆောင်ခဲ့ပေသည်။

ရွေးကောက်တင်မြှောက်သော ပြည်သူတို့ကအုပ်ချုပ်သော ပါလီမန်ဒီမိုကရေစီစံနစ်ကို ပီပြင်စွာတည်ထောင်ရန် အသေးစိတ်အားထုတ်ခဲ့သည်မှာ နှစ်ပေါင်း ၁၄ နှစ်တိုင်တိုင် ကြာမြင့်ခဲ့ပေသည်။

ယခုအခါ အခြေခံဥပဒေရေးသားရန် အားထုတ်ခဲ့သော အမျိုးသားညီလာခံကြီးမှာ အောင်မြင်စွာနှင့် လုံးဝပြီးစီးခဲ့လေပြီ။ နိုင်ငံရေးမြေပုံသစ်အရ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေသစ်ကြီး၏

လိုအပ်သော အချက်အလက်များ အသေးစိတ် လမ်းညွှန်ချက်များကို အမျိုးသားညီလာခံကြီးက တိကျစွာ ရေးသားညွှန်ကြားထားရှိခဲ့လေပြီ။

နိုင်ငံရေးလမ်းစဉ် မြေပုံကြီးအရ ရေးဆွဲနေသော ဒီမိုကရေစီ အခြေခံဥပဒေသစ်ကြီးကို အဆောတလျင် ရေးသားနေကြပြီ ဖြစ်သည်။ ထိုဥပဒေကြီးတွင်ပါဝင်မည့် အချက်အလက်များမှာ ၁၉၄၇ ခုက ဗိုလ်ချုပ်အောင်ဆန်း ဦးစီးရေးဆွဲသော ပထမဖွဲ့စည်းပုံကြီးထက် သာလွန်သည်ကို တွေ့ရှိနိုင်ကြပေသည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ၂ ရပ်သာ ရှိခဲ့သည်။ ယခု ၂၀၀၇ ခု ဥပဒေတွင် တိုင်းနှင့် ပြည်နယ်များအတွက် သီးခြားလွှတ်တော်များ ပေးမည်ဖြစ်သဖြင့် လွှတ်တော်ပေါင်း ၁၇ ခုရှိမည် ဖြစ်သည်။

အုပ်ချုပ်ရေးတွင်လည်း တိုင်းနှင့် ပြည်နယ် ၁၄ ခု၊ ပြည်ထောင်စုနယ်မြေ ၂ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ၁ ခု နှင့် ဒေသ ၅ ခု ခွဲခြား အုပ်ချုပ်ကြရမည် ဖြစ်သည်။

လွှတ်တော်ဖွဲ့စည်းပုံမှာ ပြည်သူ့လွှတ်တော်အမတ် ၃၃၀ နှင့် အမျိုးသားလွှတ်တော်တွင် အမတ် ၁၆၈ ခု ရှိသည်။ အမတ်နေရာ အစုစု ၄၉၈ နေရာတို့ကို ပြည်သူတို့က လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ကြရမည် ဖြစ်သည်။

ပြည်သူတို့က ရွေးချယ်တင်မြှောက်ရသော အမတ်မင်း ၄၉၆ ဦးတို့ကို ထိန်းကျောင်းရန်အတွက် တပ်မတော်မှ စစ်အရာရှိ ၁၆၆ ကို လွှတ်တော်အစည်းအဝေးများတွင် တက်ရောက် အတူထိုင်စေရမည်။

ထိုအရာရှိ ၁၆၆ ဦးကို တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး (သန်းရွှေ) က ရွေးချယ်စေလွှတ်မည် ဖြစ်သည်။ အမတ်ဦးရေ၏ ၄ ပုံ ၁ ပုံသော စစ်အရာရှိ ၁၆၆ ဦးတို့က အမတ်မင်းများအား စစ်မှန်သော ဒီမိုကရေစီ ကျင့်သုံးရန်၊ လမ်းညွှန်ရန်သာ ဖြစ်သည်။

နိုင်ငံတော်သစ်တွင် ဒုတိယ သမ္မတ ၃ ဦးရှိမည်။ တဦးကို စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး (သန်းရွှေ)က ခန့်ထားမည်။ ကျန် ၂ ဦးကို လွှတ်တော် ၂ ရပ်က ရွေးချယ် ခန့်ထားရမည်။

နိုင်ငံတော်သမ္မတရာထူးကို အထူးဖွဲ့စည်းထားသော အမတ်မင်းများနှင့် တပ်မတော် စစ်ဦးစီးချုပ် ကိုယ်စားလှယ်ပါဝင်သောကော်မတီက ရွေးချယ်ရမည်။

ထိုမည်သော ဒီမိုကရေစီပါလီမန်စနစ်သို့ ပြောင်းလဲရေးကို မြန်မာပြည်တွင်းရှိ နိုင်ငံရေးအင်အား အားလုံးတို့က ပူးပေါင်းဆောင်ရွက်ကြရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အနူးအညွတ် ဖိတ်ကြားနေပါကြောင်း။

၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ နာဂတောင်တန်း တိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်ဆိုသော နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံကာဆွေးနွေးကြပြီး ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ကြရန် တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အနူးအညွတ် ဖိတ်ကြားနေပါကြောင်း။

၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် သူနိုင်သည်၊ ငါနိုင်သည်ဟု မစင်ချောက်ကို ရေနူးနေသူများနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အစိုးရအား ပြည်ပမှဖိအားပေးရန် လှုံ့ဆော်သူများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လက်ခံတွေ့ဆုံမည် မဟုတ်ဟုလည်း သိရှိရပေသည်။ ။ ❑

**သရုပ်ဖော် ပန်းချီ – မောင်ရစ်**



# တိုးတက်သော ရှေးခေတ်ဟောင်းကို လွမ်းဆွတ်မိခြင်း

**ကြေးမုံ ဦးသောင်း**

အောက်တိုဘာ ၁၁၊ ၂၀၀၇

အရေးအခင်းကြောင့် မြန်မာကျပ်ငွေ စက္ကူဈေး ကျဆင်းသွားသည်။ ပေါက်ဈေးမှာ အမေရိကန်ငွေ တဒေါ်လာကို မြန်မာကျပ်စက္ကူ ၁၄၀၀ ရှိနေပြီဟု သတင်းကိုဖတ်လိုက်ရသဖြင့် မင်းနှင့်ပြည်သူ ညီညွတ်သော ဒီမိုကရေစီခေတ်ဟောင်းကို ပြန်၍ကြည့်မိသည်။

၁၉၅၂ ခုနှစ်က နိုင်ငံခြားသို့ တင်ပို့ရောင်းချသော ကုန်စည်တန်ဖိုးမှာ မြန်မာကျပ်ငွေ ၁၂၉ ကုဋေရှိပြီး၊ နိုင်ငံခြားမှ ဝယ်ယူသော ကုန်တန်ဖိုးမှာ မြန်မာကျပ်ငွေ ၆၆ ကုဋေသာ ရှိသည်။ ပြည်တွင်းစစ်ဖြစ်နေပါလျက် ပို့ကုန်များ တိုးတက် ပို့နိုင်သောကြောင့် မြန်မာကျပ်ငွေ၏တန်ဖိုးမှာ များသောအားဖြင့် တဒေါ်လာလျှင် ၄ိ ၆၇ပြား၊ ၆ ကျပ်အောက် အမြဲရှိသဖြင့် ကမ္ဘာပေါ်တွင် ခိုင်မာမှုအရှိဆုံး ငွေစက္ကူတခု ဖြစ်နေခဲ့သည်။

၁၉၆၂ ခုက တော်လှန်ရေးအစိုးရ အမည်ဖြင့် အာဏာသိမ်းစဉ်က အစိုးရရွှေတိုက်တော်တွင် နိုင်ငံခြားသုံးငွေ ရန်ပုံငွေစာရင်းမှာ ရွှေ အပါအဝင် ကျပ် ၈၂၁ သန်းဖိုး ရှိခဲ့သည်။ စစ်အစိုးရများခေတ်တွင် ရွှေတိုက်တော် ရန်ပုံငွေ စာရင်းပါ ပျောက်သွား၏။

ဒီမိုကရေစီခေတ်က စီးပွားရေးခိုင်လုံသည်မှာ မိုးပေါ်ကကျလာသည်မဟုတ်။ လူထုက ရွေးကောက်တင်မြှောက်လိုက်သော အစိုးရက အားထုတ်လုပ်ဆောင်မှုကြောင့် ဖြစ်ထွန်းရ၏။

ဝန်ကြီးချုပ်ဦးနုသည် နယ်များသို့သွားရောက်တိုင်း နိုင်ငံသားတို့ လိုအပ်သည်များကို ခဲ့သည်။ နိုင်ငံ၏စီးပွားရေး ဆူဖြိုးလာခဲ့သည်။ စီးကရက်၊ နိုင်လွန်စသော မြန်မာဖြစ် ကုန်စည်များကို အာရှနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့လေသည်။ ကိုရီးယားစစ်ကြောင့် သတ္တုဈေးများ မြင့်ပြီး ဝယ်အားကောင်းလာသောအခါ သံဖြူစသည့် သတ္တုအများ ထုတ်လုပ်သော မြန်မာနိုင်ငံသည် ကြွယ်ဝလာခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးကို တိုးချဲ့သည်။ ကျပ် ၄၅ သိန်းတန် ရန်ကုန်ဘူတာသစ်ကြီးကို တည်ဆောက်ခဲ့သည်။ စစ်အတွင်းက ချိုးခဲ့သည့် အင်းဝတံတားကို ပြင်ဆင်တည်ဆောက်ခဲ့သည်။ စီမံကိန်းတို့သည် ၃ လခန့်စော၍ ပြီးစီးလေ့ရှိ

**၁၉၆၂ ခုက တော်လှန်ရေးအစိုးရအမည်ဖြင့် အာဏာသိမ်းစဉ်က အစိုးရရွှေတိုက်တော်တွင် နိုင်ငံခြားသုံးငွေ ရန်ပုံငွေစာရင်းမှာ ရွှေ အပါအဝင် ကျပ် ၈၂၁ သန်းဖိုးရှိခဲ့သည်။ စစ်အစိုးရများခေတ်တွင် ရွှေတိုက်တော် ရန်ပုံငွေစာရင်းပါ ပျောက်သွား၏။**

ကိုယ်တွေ့မျက်မြင် လေ့လာသည်။ နယ်တို့၌ လိုအပ်နေသည့်ပညာရေးအတွက် မူလတန်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ ကျန်းမာရေးအတွက် ဆေးရုံများတိုးတက်ဖွင့်လှစ်ရေး၊ ကျေးရွာ ဆေးပေးခန်းများ ဖွင့်လှစ်ရေးကို ဦးစားပေးကာ လုပ်ဆောင်ခဲ့သည်။

မူလတန်းကျောင်းသစ်များ ဖွင့်လှစ်နိုင်ရန် ၂ နှစ်အတွင်း မူလတန်းကျောင်းဆရာ ၂ သောင်း ရရှိမှု စီမံကိန်း၊ ကျေးရွာတို့၌ သူနာပြုဆေးခန်းများဖွင့်လှစ်ပြီး ဝမ်းဆွဲဆရာမများ ခန့်ထားရေး စသည့် စီမံကိန်းများကို ချမှတ်လုပ် ဆောင်ခဲ့သည်။

စက်မှုလက်မှုဝန်ကြီး ဦးကျော်ငြိမ်း၊ ကုန်သွယ်ရောင်းဝယ်ရေးဝန်ကြီး ဦးရာရှစ်တို့၏အားထုတ်မှုအရ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာသည်။ ရွှေမန်းမေ အမည်နှင့် ရန်ကုန် မန္တလေး နေ့ချင်း၊ ညချင်းပေါက် ရထားပြေးနိုင်လာခဲ့သည်။ မင်္ဂလာဒုံလေဆိပ်ကြီးကို အသစ်တည်ဆောက်ခဲ့သည်။ ထိုစဉ်က ထိုင်းနိုင်ငံ ဘန်ကောက်လေဆိပ်၊ အီဂျစ်နိုင်ငံ ကိုင်ရိုလေဆိပ်တို့ထက် မြန်မာလေဆိပ်က သာလွန်ကောင်းမွန်သည် အထိ ဖွံ့ဖြိုးခဲ့လေသည်။

အာရှတွင် စက်မှုလက်မှု ခေါင်းဆောင်လာသော မြန်မာပြည်က ရှေ့တဆင့်တက်ရန် ခြေလှမ်းသစ် လှမ်းခဲ့သည်။ နိုင်ငံခြားမှ ပညာရှင်များကိုဖိတ်ကာ အကြံတောင်းသည်။ ဗြိတိသျှ ပညာရှင် ၅ ဦး အမေရိကန်မှ ၂ ဦးတို့အား မြန်မာ့သယံဇာတများကို အခြေပြု၍ အကြံပေးငှားရမ်းခဲ့သည်။

ပညာရှင်တို့က –

၁။ လယ်ယာစိုက်ပျိုးရေး၊

၂။ ဆည်မြောင်း၊
၃။ ဆိပ်ကမ်းနဲ့ရေကြောင်း
၄။ မီးရထား
၅။ လေကြောင်း
၆။ ကြေးနန်း
၇။ စက်မှုလက်မှု
၈။ သတ္တု
၉။ လျှပ်စစ်
၁၀။ သစ်လုပ်ငန်း တို့ထူထောင်ရန် ကျပ်ငွေကုဋေ ၇၅၀ ဖိုး လိုအပ်သော စီမံကိန်းများကို ရေးဆွဲပေးကြသည်။

နိုင်ငံခြားအကူ အနည်းငယ်နှင့် တန်ဖိုးခိုင်မာသော ပြည်တွင်းကျပ်ငွေအများကို အသုံးပြုမည့် စီမံကိန်းကိုရေးဆွဲရန် ညီလာခံကြီးတရပ် ကျင်းပစီစဉ်ခဲ့သည်။ ရန်ကုန် ကျိုက္ကဆံမြင်းပြိုင်ကွင်းကြီး၌ ၁၉၅၂ ခု ဩဂုတ်လ ၄ ရက်နေ့မှ စတင်ကာ ကြီးမားခန်းနားစွာ ကျင်းပ၍ ပြည်တော်သာ စီမံကိန်းကြီးကို လူထုနည်းနဲ့ ရေးကြ သည်။ ဘ၀သစ်စီမံကိန်း၊ စီးပွားရေးစီမံကိန်းများ၊ အုပ်ချုပ်ရေး စီမံကိန်းနှင့် လူထု လတ်တလော သက်သာချောင်ချိရေး စီမံကိန်းများကို ရေးဆွဲကြသည်။

လူထုသက်သာမှုအတွက် လိုအပ်သော လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်း ရေကန်တူးခြင်း စသည်တို့ကို ဗဟိုအစိုးရက မကိုင်ဘဲ လူထုကိုယ်စားလှယ်များ ပါဝင်သည့် ပြည်တော်သာအဖွဲ့များကို အာဏာလွှဲပေးခဲ့လေသည်။ ကျပ် ၁ သောင်းထက် မပိုသော လုပ်ငန်းများ၊ လုပ်ဆောင်ခွင့်ကို ပြည်သူတို့က ကွပ်ကဲရန် အာဏာအပ်ခဲ့လေသည်။ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးစံနစ်ကို အောင်မြင်စွာ အကောင်အထည် ဖော်ကြသည်။

ဤသို့သော အောင်ပွဲများကို လူထုက မိမိတို့စိတ်ကြိုက်ရွေးကောက်တင်မြှောက်သော အစိုးရများသာ လုပ်ဆောင်နိုင်ပေကြောင်း။ ။ ❑

**ကောက်ကြောင်း ပန်းချီ – မင်းကျော်ခိုင်**



## ဆရာတင်မိုး၏ကဗျာ ချစ်စရာ

**ကြေး မုံ ဦး သော င်း**

ဇူလိုင် ၂၂၊ ၂၀၀၇

တခါက ဆရာသော်တာဆွေနှင့် ခရီးသွားစဉ် “စာကဗျာ သင်ခါစပေမို့၊ ဝါစက်ာစဉ်လာ မကျနိုင်ဘု၊ ထင်ရာသမျှကိုတဲ့ ရေးလို့စီ” ဟု သီဆိုသည်ကို ကြားရသောအခါ တင်မောင်က မဆိုင်းမတွ “အစဉ်လွမ်းပါလို့ ခင်ရယ်၊ သင်ခန်းစာ ဖေ မကြည့်နိုင်ဘု၊ ဆရာပြောသမျှကိုတော့ ဘာသဘောမှ မကျနိုင်ဘု နားဘဝင်ချော်၊ တပါးခင် အမော်ကိုလ စိတ်မှာစွဲ” ဟု စစ်ကြိုခေတ်က မြန်မာလူငယ်များတို့ ကဗျာ စတင်သင်ကြားကြရသည့် ကာရန်ပိုဒ်ကို ဆက်တိုက် ဆိုလိုက်မိသည်။ ကိုဆွေက တုန်လှုပ်သွားသည်။ တင်မောင်၏လက်ကိုဆွဲ၍ ဂုဏ်ပြုသည်။ မိမိတို့ ၂ ဦးသည် ကဗျာ ကျောင်း တကျောင်းတည်းထွက် ဖြစ်သည်။ လမ်းတလမ်းတည်း လျှောက်လာခဲ့သူများဖြစ်ကြသည် ကိုသိရှိကာ တဦးကိုတဦးက ဖက်မိကြသည်။ ထိုကဗျာဆိုမိကြသည့် နောက်တွင် ပိုမိုရင်းနှီးခဲ့ကြသည်။ မကြာခဏ စာပေကိစ္စ ခရီးအတူသွားလေ့ရှိရာ၌ ခရီးတိုင်းတွင် ကဗျာရွတ်မိကြသောကြောင့် ပွဲစည်နေခဲ့၏။

## ယနေ့ မြန်မာစာပေတွင် မြောက်မြားစွာသော ကဗျာများသည် ကာရန်မပါသော စာလုံးများသာဖြစ်နေသည်ကို တွေ့ရသည်။ ယနေ့ မြန်မာစာပေတွင် ကဗျာပုဒ်ရေ တိုးတက်စေကာမူ ကာရန်မပါတော့သည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

သို့ပြောသော်လည်း နှစ်ဦးသားတို့မှာ ကဗျာဆရာများ မဖြစ်ခဲ့ကြပေ။ သူက ဝတ္ထုရေး ဆရာ၊ တင်မောင်က သတင်းထောက်အဖြစ် ကဗျာနှင့် လမ်းခွဲခဲ့ကြသည်။ တင်မောင်ရော၊ ကိုဆွေပါ ကဗျာချစ်သော စာသမားများ ဖြစ်လာခဲ့ကြ၏။ ကဗျာဆရာဖြစ်ရန်မှာ တော်တော့် ပါရမီနှင့် မလွယ်ပေ။

စစ်ပြီးခေတ် စစ်အစိုးရခေတ်တွင်မှ နိုင်ငံခြား၌ သောင်တင်နေခိုက် ကဗျာချစ်သူ တင်မောင်သည် ကဗျာဆရာ အစစ်ကို တွေ့ ရသည်။ သူက ဆရာတင်မိုး။ ကဗျာချစ်၊ ကဗျာကို မြတ်နိုးပြီး ကာရန်ကို ရှိခိုးနေသူ တင်မောင် တယောက်အဖို့ ဆရာတင်မိုး၏ ကဗျာတို့သည် စိန်ကြောင်နီလာ ရတနာများ ဖြစ်လာခဲ့သည်။ ဇာတိမြေမှ ဆရာမိုးထွက်လာချိန်မှစတင်ကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် အမေရိကန်တခို တွင်ဆုံကြတိုင်း ကဗျာ ကာရန်ကိစ္စများကို ဆွေးနွေးကြရသည်မှာ အရသာ ကြီးလှသည်။

ထူးခြားတဲ့အချက်ကတော့
ဦးပွားနဲ့ ဦးကြွက်ကလည်း
မနက်တိုင် စာပြိုင်
မနိုင်ရင် နပန်းလုံးသတဲ့။
ရပ်ထဲ ရွာထဲမှာလဲ
ပရမတ်သူရဲတွေ ရှိတယ်။

ဘုရားတကာ ကျောင်းတကာတို့
အလှူမသာ ကြုံရာ ကနဖျင်းမှာ
သဃ်ာစင် ကော်ဇောဖျင် ခင်းပါလို့
စာငြင်းကြတယ်။

လက်ဖက်သုပ် ချင်းသုပ် မပြတ်တမ်း
ရေနွေးကြမ်း တအိုးပြီး တအိုး
စာချိုးကြ ကျမ်းကိုးကြနဲ့
ပုဆိုးမ ခါးတောင်းကျိုက်
နှုတ်ခမ်းမွေးတောင် မီးမြိုက်မတတ်
စာပိုဒ်တွေ ရွတ်လိုရွတ်နဲ့
ကြက်ခွပ်သလို အငြင်းသန်
ဖျင်တန်လည်း ဖျင်ရ
မာနလည်း ဖောက်တော့
ဟာသ မြောက် ဖြစ်ကုန်တယ်
ငယ် သူငယ်ချင်းတွေကပဲ။
မဏ္ဍပ်ထူ တိုင်ထူလို့
အလှူကို ဝိုင်းကူလုပ်ကြ
ကျုပ်တို့ ရွာပွဲ။ ။

ယနေ့ မြန်မာစာပေတွင် မြောက်မြားစွာသော ကဗျာများသည် ကာရန်မပါသော စာလုံးများသာ ဖြစ်နေသည်ကို တွေ့ရသည်။ ယနေ့ မြန်မာစာပေတွင် ကဗျာပုဒ်ရေ တိုးတက်စေကာမူ ကာရန်မပါတော့သည်မှာ ဝမ်းနည်းဖွယ် ဖြစ်သည်ဟု ဆွေးနွေးခဲ့ကြသည်။

“ခက်တယ်ဗျာ ... ခုခေတ်လူငယ်တွေက ကကြီးခကွေး သင်ပုန်းကြီးတက်ပြီးတာနဲ့ ကဗျာ စပ်ကြတာဗျ။ မြန်မာစာတိုးတက်လာတာက ရှေးဆရာတွေပြုစုတဲ့ အဘိဓာန်ကျမ်း စွယ်စုံ ကျမ်းတွေကိုဖတ်ရှုပြီး တပည့်ခံကြလို့ဗျ။ ရတု ကဗျာ အချမှန်ကို မဖော်ပြနိုင်ပါ။ [illegible] ကာရန်နဲ့မေးတာ

ကို ကျီးသဲလေးထပ်ဆရာတော်ဖြေတဲ့ စွယ်စုံကျော်ထင်ကျမ်းမှာ [illegible] လို့ ဖြေတော်မူတာကို ဖတ်မှ သိရတာဗျ။ သင်သိကြား ဆရာရှာပြီး လေ့လာသင်ကြားပြီးမှသာ ကဗျာစပ်သင့်ကြတယ်ဗျ'' ဟု ဆရာက ညည်းသည်ကို ကြားခဲ့ရသည်။

''ကာရန်မပါ ကဗျာမဟုတ်လို့ စစ်တမ်း တပုဒ်ရေးပါလား ဆရာ'' ဟု တင်မောင်က တိုက်တွန်းသောအခါ ဆရာမိုးက ပြုံးသည်။ ဆရာတင်မိုးက ပြည်ပရောက်လာမှ ကာရန်ပြည့်ကဗျာ အမြောက်အမျှားကို အင်တိုက်အားတိုက်ပြုစုသည်မှာ လူငယ်ကဗျာဆရာများကို ရသပြည့်သော ကာရန်ကဗျာများ ရေးကြပါကွယ်တို့ဟု ပညာပေးသည်သာဖြစ်၏။

စာမျက်နှာ ၈၀ သာရှိသော 'အညာလမ်းက တမာတန်း' စာအုပ်ငယ်တွင် ဆရာတင်မိုး ရေးသားသော အမှာစာ၌လည်း ယနေ့ကဗျာလူငယ်များကို ဆရာရှာကြရန် ပညာပေးထားသည်။ ဆရာတင်မိုးက မိမိသည် ကိုရင်ဘဝက ကိုရင်ကြီး ရှင်ဝဇီယဗုဒ္ဓက လက်ဦးဆရာအဖြစ် ကဗျာသင်ခဲ့ကြောင်း မှတ်တမ်းတင်သည်။ လူငယ်များတို့ ဆရာရှာရန် သြဝါဒပေး၏။

'မိမိသည် ဆရာဇော်ဂျီ၏ တပည့်ရင်းဖြစ်ပါသည်ဟု ဂုဏ်ယူခဲ့သည်။ ဆရာဇော်ဂျီရဲ့ ဗေဒါလမ်းကို အမှီပြုပြီး ကဗျာအစုစုကို ပြုခဲ့တာပါဟု ပွင့်လင်းစွာရေးသည်။ ဆရာဇော်ဂျီရဲ့ အတွေးအမြင်ကို အားကျပြီး ရေးဖွဲ့ခဲ့သော်လည်း ဆရာရဲ့ ဥဂ္ဂဏ်ရည်ကို သီပင်မသီနိုင်သေးပါ' ဟု ရေးသား၍ 'စု–တု–ပြု အဆင့် ၃ ဆင့်တွင် 'တု အဆင့်' တုပမှုသာ ပြုနိုင်ပါသေးတယ်' ဟု ရေးခဲ့သည်။

ယခုခေတ် ကဗျာလူငယ်တို့အား ကဗျာရေးလိုကြပါက ရှေးကဗျာများနှင့် ခေတ်ကဗျာများကို စုကြရမည်။ တုပကြပြီး ကဗျာများ ပြုကြရမည်ဟု နည်းပေးခဲ့လေသည်။ ထို နည်းနိသျရည်းသည် ကဗျာလောကသို့ ဝင်ရောက်လိုသူမှန်သမျှ အားထုတ်ရမည် ဖြစ်သည်။ သို့မှသာ ကဗျာပီသသော ကာရန်ပြည့်ကဗျာများ ဖြစ်ထွန်းနိုင်ကြမည် ဖြစ်သည်။ ။ ❑

**ကဗျာဆရာ ဦးတင်မိုး (၁၉၃၃–၂၀၀၇) ကွယ်လွန်ခြင်း ၆ လပြည့် အမှတ်တရစာစုမှ ကောက်နှုတ်ဖော်ပြပါသည်။**

**ကောက်ကြောင်း ပန်းချီ – မင်းကျော်ခိုင်**

**မိုးမခ မီဒီယာ စာနယ်ဇင်းအဖွဲ့မှ**

**စီစဥ်ပေးခဲ့သည့် စာအုပ်များ**

၁။ ဖလ်မီးအိမ်သို့ အလွမ်းစာ
ကဗျာဆရာ(ဦး)တင်မိုး (၁၉၃၃–၂၀၀၇) ကွယ်လွန်ခြင်း တလပြည့် အမှတ်တရ

၂။ ကဗျာဆရာဦးတင်မိုး (၁၉၃၃–၂၀၀၇) ကွယ်လွန်ခြင်း ၆ လပြည့် အမှတ်တရ စာစု

**မိုးမခ မီဒီယာ စာနယ်ဇင်းအဖွဲ့ကမှ**

**ထုတ်ဝေပြီးစာအုပ်များ**

၁။ ကြေးမုံဦးသောင်း (အောင်ဗလ) (၁၉၂၆–၂၀၀၈) ကွယ်လွန်ခြင်း
မိုးမခရဲ့ အမှတ်တရ စာစုများ

**မိုးမခ မီဒီယာ စာနယ်ဇင်းအဖွဲ့မှ**

**ဆက်လက်ထွက်ရှိမည့်စာအုပ်များ**

၁။ ဟံသာဝတီဦးဝင်းတင် နှင့် စာနယ်ဇင်းဆိုင်ရာ ဆောင်းပါးများ



# ကြေးမုံဦးသောင်း (အောင်ဗလ)

## ၁၉၂၆–၂၀၀၈

## မိုးမခရဲ့ အမှတ်တရစာစုများ

ကြေးမုံဦး သောင်း၊ အောင်ဗလ၊ မောင်စွမ်းရည်၊ ဝင်းဖေ
မာမာအေး၊ ခင်မောင်ကြိုး (ရှမ်းပြည်)၊ မောင်ရစ်

မိုးမခ မီဒီယာ စာနယ်ဇင်းအဖွဲ့က စီစဉ်ထုတ်ဝေသည်

The symbol credit - UNESCO - The Freedom of Expression, press & Democracy